# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၂၁)၊ ၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက် ၊ ၁၆-၇-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော်၊ ဥတ္တရသီရိရေလှောင်တမံနှင့် အလုပ်သမားဝန်ကြီးဌာန ရုံးပတ်လမ်း၊ မြေထိန်းနံရံပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးနေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၅

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ညနေပိုင်းတွင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော်၊ဥတ္တရသီရိရေလှောင်တမံနှင့် အလုပ်သမားဝန်ကြီးဌာနရှိ ရုံးပတ်လမ်း၊ မြေထိန်းနံရံများ ပြန်လည် ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးနေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ သို့ ◯



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အလုပ်သမားဝန်ကြီးဌာန မြေထိန်းနံရံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၁၅

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး၊ အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

## ယနေ့ ဖတ်စရာ အညွှန်း


**တရုတ်သမ္မတနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး တွေ့ဆုံ**

စာမျက်နှာ ၈

**မိုဒရစ် အေစီမီလန်အသင်းတွင် ကျော့နံပါတ် (၁၄) ဂျာစီ ဝတ်ဆင်ကစားသွားမည်**

စာမျက်နှာ ၁၁

**မန္တလေးဆိပ်ကမ်းတွင် ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်အောက် ခြောက်ပေအကွာထိ ရောက်ရှိလာ**

စာမျက်နှာ ၁၃

၂၀၂၅ ခုနှစ် ၊ ဇူလိုင် ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့။
မန္တလေး နေ့စဉ်

## အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် စခန်းသွင်းလေ့ကျင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိ

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံရှိ Bangkok၊ Chonburi နှင့် Songkhla မြို့တို့တွင် အားကစားနည်း ၅၃ နည်းအားခွဲ၍ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၄၀ တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိစခန်းဝင်လေ့ကျင့်လျက်ရှိသည့် အားကစားအဖွဲ့ချုပ်များ၊ အားကစားသမားများနှင့် အုပ်ချုပ်/နည်းပြများ၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများနှင့် လိုအပ်ချက်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် တာဝန်ရှိသူများက အသေးစိတ် ဆွေးနွေးတင်ပြပေးသွားရန်လိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်း (By Sports)နှင့် ပြိုင်ပွဲအမျိုးအစား (Event)များကို အိမ်ရှင်ထိုင်းနိုင်ငံသို့ ပေးပို့ခဲ့ပြီး ပြီဖြစ်၍ ပြိုင်ပွဲဝင် အားကစားသမားများ၏ အမည်စာရင်း (By Number)များ အချိန်မီပေးပို့နိုင်ရန် လူရွေးချယ်ခြင်းများကို တာဝန်ရှိသူများက ဇူလိုင်လကုန်အပြီး ရက်များသတ်မှတ်၍ စနစ်တကျ စိစစ်ရွေးချယ်ကာ ဝန်ကြီးဌာနသို့ အချိန်မီတင်ပြနိုင်ရေးအတွက် အားကစားအဖွဲ့ချုပ်များကို ကြိုတင်အကြောင်းကြားထားရန်လိုကြောင်း မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ဇူလိုင် ၁၄ ရက်မွန်းလွဲပိုင်းတွင် နေပြည်တော်ရုံးအမှတ် (၃၁)ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ အောင်မြင်စွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက လာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေး၊ အားကစားနည်းအလိုက် အားကစားသမားများအတွက် လိုအပ်သည့် ကယ်လိုရီပမာဏနှင့် အာဟာရများ ပြည့်ဝစေရေးတို့အတွက် Sport Nutrition အာဟာရပိုင်းဆိုင်ရာ တွက်ချက်မှုများနှင့်အညီ စခန်းဝင်အားကစားသမားများအား ချက်ပြုတ်ကျွေးမွေးဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက သေသေချာချာ စိစစ်ကြပ်မတ် ဆောင်ရွက်သွားရန်ပြောကြားခဲ့သည်။

တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနခွဲများအလိုက် တာဝန်ရှိသူညွှန်ကြားရေးမှူးများက လာမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ဆောင်ရွက်သွားရမည့် ယခင်လအစည်းအဝေး၏ ဆုံးဖြတ်ချက်များနှင့် လက်ရှိကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ စနစ်တကျ တက်ညီလက်ညီဆက်လက်၍ အရှိန်အဟုန်ဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန်မှာကြားခဲ့သည်။

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အောင်မြင်မှုများ ရရှိရေးအတွက် စခန်းသွင်း လေ့ကျင့်၊ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက်ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ ၃၄လမ်း၊ ၈၅ လမ်းနှင့် ၈၆လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ ၁၁၇လမ်း၊ ၅၉လမ်းနှင့် လမ်း၆၀ကြား ပွဲတော်ဘုန်းကြီးကျောင်းအနီးတို့တွင် ရောင်းချပေးခဲ့သည်။ **(အပေါ်ပုံ)**

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇူလိုင် ၁၆ ရက်တွင် မဟာအောင်မြေမြို့နယ်၊ တံမြက်စည်းစုရပ်ကွက်၊ လမ်း၄၀၊ လမ်း ၆၀နှင့် ၆၂လမ်းကြားနှင့် အမရပူရမြို့နယ်၊ ကျန်တန်းရပ်ကွက်၊ ပွဲတော်ရပ်၊ ရွာလယ်လမ်းဆုံတို့တွင်လည်းကောင်း၊ ဇူလိုင် ၁၇ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက် (ဘဘ-၁၈)၊ ၄၅လမ်းနှင့် ၁၁၄ လမ်းထောင့်တွင်လည်းကောင်း၊ ဇူလိုင် ၁၈ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၁၂၁လမ်း၊ ၅၂ လမ်းနှင့် ၅၃လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ဇူလိုင် ၁၉ ရက်တွင် အာဇာနည်နေ့(ရုံးပိတ်ရက်)ဖြစ်၍ သက်သာဈေးရောင်းချမှုအစီအစဉ်ကို ရပ်နားထားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

## စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ



**ကျောက်ဆည် ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားရေး၊ အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ယမန်နေ့မွန်းလွဲ ၂ နာရီက ခရိုင်လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် စာအုပ်စာစောင်ပြပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာပေဖတ်သည့် အလေ့အကျင့်ကောင်းများရရှိလာစေရန်နှင့် စဉ်းစားတွေးခေါ်မှု မြင့်မားလာစေရေး ပြိုင်ပွဲများ ပြုလုပ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက စာကြည့်တိုက်နှင့်အကျွမ်းတဝင်ရှိပြီး စာပေချစ်မြတ်နိုးသည့်စိတ်များ ဖြစ်ပေါ်လာကာ ယဉ်ကျေးလိမ္မာပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များဖြစ်လာစေရေး စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်းပြောကြားခဲ့ပြီး ပြိုင်ပွဲများ ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ အမှတ်(၁)အခြေခံပညာကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက အမှတ်တရလက်ဆောင်များပေးအပ်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်စာစောင်များနှင့် အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်ခြင်း၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းအန္တရာယ်ကင်းရှင်းရေး၊ ကလေးအလုပ်သမားပပျောက်ရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**စုစုအေး(ကျောက်ဆည်)**

၀-၀-၀-၀-၀

၀-၀-၀-၀

## စဉ့်ကိုင်မြို့နယ်တွင် စားအုန်းဆီများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိ

**ကျောက်ဆည် ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းနှင့် ခရိုင် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ ပြည်သူများ စားနပ်ရိက္ခာဖူလုံရေး အထောက်အကူဖြစ်စေရန်ရည်ရွယ်ပြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်များနှင့် ကူမဲ၊ ပလိပ် မြို့နယ်ခွဲများတွင် စားအုန်းဆီများရောင်းချပေးလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက စဉ့်ကိုင်မြို့နယ်တွင် ဆီဝယ်စာအုပ်တစ်အုပ်လျှင် ၂ ပိဿာနှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ရောင်းချပေးရာတွင် ဝယ်ယူသူများအဆင်ပြေစေရေး ဦးကျော်ထွန်း(ဒေါ်လာစားအုန်းဆီလက်လီ၊ လက်ကားရောင်းဝယ်ရေးဆိုင်)မှ စဉ့်ကိုင်မြို့နယ် နတ်ရေကန်ကျေးရွာ ပြည်သူများအား ဆီဝယ်ယူခွင့် စာအုပ်တစ်အုပ်လျှင် ၂ ပိဿာနှုန်းဖြင့် စားအုန်းဆီများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့သည်။

စဉ့်ကိုင်မြို့နယ်တွင် ခရိုင်ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းအနေဖြင့် စားအုန်းဆီများရောင်းချရာတွင် စားအုန်းဆီတင်သွင်းသည့် ကုမ္ပဏီများနှင့်ချိတ်ဆက်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော စားအုန်းဆီများကို ရည်ညွှန်းဈေး(၆၀၆၀)ကျပ်၊ ရောင်းဈေး(၇၁၄၅)ကျပ်ဖြင့် ပြည်သူများလက်ဝယ်သို့ မြန်ဆန်စွာရောက်ရှိရေး စဉ်ဆက်မပြတ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မန္တလေးငလျင်ကြောင့် ပျက်စီးခဲ့သည့် နေပြည်တော်ဥတ္တရသီရိ ရေလှောင်တမံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

○ ရေဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဥတ္တရသီရိမြို့နယ် ကျောက်အိုးချောင်းပေါ်တွင် တည်ရှိသည့် ဥတ္တရသီရိ ရေလှောင်တမံသို့ ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တာဝန်ရှိသူများက ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဆည်အတွင်း ရေဝင်ရောက်ရာ လမ်းကြောင်းများ၊ တမံပြန်လည်ပြုပြင်ရန်အတွက် ဘူမိဗေဒတိုင်းတာခြင်း၊ မြေစမ်းသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ရေလှောင်တမံ ရေထုတ်ပြွန်မှ ရေယိုစိမ့်မှုနှင့် မြေသားတမံ၏ ဖို့မြေထိခိုက်ပျက်စီးမှုကို ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းဆွေးနွေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေလှောင်တမံအတွင်းရှိ ထိခိုက်ပျက်စီးခဲ့သည့် ရေလယ်အဆောက်အအုံ ဖယ်ရှားရှင်းလင်းနေမှု၊ အရန်အရေးပေါ် ရေပိုလွှဲရေတံခါးတပ်ဆင်၍ ရေလွှဲပေါက်တစ်ခုအဖြစ် ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ရေလှောင်တမံတွင် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအနေဖြင့် အရန်ရေပိုလွှဲလမ်းကြောင်း ဖော်ထုတ်ခြင်း၊ တမံအတွင်း ရေဝင်လမ်းကြောင်းကို ချောင်းမကြီးဆည်ဘက်သို့ ပေ ၁၃၅၀ တူးဖော်ခြင်း၊ ပင်မရေပိုလွှဲတွင် ရေဝပ်နေရာကို ကွန်ကရစ်လောင်းခြင်း၊ ယာယီရေတားတမံနှင့် မူလတမံအကြား ရှိ ရေနှင့်သဲနုန်းများ စုပ်ထုတ်ရှင်းလင်းခြင်းနှင့် Tower အတွင်း ရေမဝင်အောင် Ring Bund ပတ်၍ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကွန်ကရစ် Tower အား ဖြိုဖျက်ခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ရေတံခါးဖြုတ်ခြင်း၊ ပျက်စီးခဲ့သည့် ရေထုတ်ပြွန်ကို ကွန်ကရစ်ဖြင့် အပြီး ပိတ်ခြင်း၊ ရေလုံမြေဖြင့် ဖို့၍ ရေရှည်တမံကြံ့ခိုင်မှုရှိစေရန် တမံအရှေ့ဘက်မှ Banquette ဖို့ခြင်း၊ တမံအောက်ဘက် Downstream ဘက်ခြမ်း ထူးပေါက်နှင့် မြေကျွံကျမှုဖြစ်ပေါ်ခဲ့သော နေရာများမှ မြေသားများအား ဖယ်ရှားရှင်းလင်းပြီး တမံဖို့ရန် သတ်မှတ်ထားသည့် မြေအမျိုးအစားဖြင့် သတ်မှတ်ပုံစံအတိုင်း ပြန်လည်ကြိတ်ဖို့ခြင်း၊ ရေလွှဲမြောင်း Diversion Channel နေရာတွင် (၆ x ၈) ပေ အရွယ် ရေတံခါးတစ်ခုကို ကွန်ကရစ်ဖြင့် တည်ဆောက်ခြင်း၊ ကွန်ကရစ်ပိုက်အတွင်း ကွန်ကရစ်လောင်းရန် Conduit ပိုက်အား အပေါက်ဖောက်ခြင်း၊ ပိတ်ဆို့ရမည့်နေရာ တပ်ဆင်နိုင်ရန် Socket ပြုလုပ်ခြင်းနှင့် ရေလွှဲကြောင်းအား ရေတံခါး တပ်ဆင်ရန်အတွက် ဒီဇိုင်းရေးဆွဲခြင်း လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## သောက်သုံးရေ ဖူလုံစွာ ပေးဝေ

ဥတ္တရသီရိရေလှောင်တမံသည် ရေဆင်းဧရိယာ ဧက ၁၅၀၀၊ တမံအမြင့်ပေ ၆၀၊ တမံအလျား ပေ ၁၁၂၀ ရှိ မြေသားတမံအမျိုးအစားဖြစ်ပြီး ဥတ္တရသီရိမြို့နယ်အတွင်းရှိပြည်သူများ သောက်သုံးရေဖူလုံစွာ ပေးဝေနိုင်ရေးအတွက် ၂၀၀၈-၂၀၀၉ ခုနှစ်တွင် တည်ဆောက် ပြီးစီးခဲ့ရာ သက်တမ်းအားဖြင့် ၁၇ နှစ် ရှိပြီဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အလုပ်သမားဝန်ကြီးဌာနသို့ ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးချစ်ဆွေနှင့် ဦးမျိုးသန့်တို့က ငလျင်ကြောင့် ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံနှင့် ရုံးပတ်လမ်း ပြန်လည်တည်ဆောက်ရန် အတွက် မြေသားစမ်းသပ်ခြင်း၊ ကွန်ကရစ်လမ်း နိမ့်ကျွံကွဲအက်ပျက်စီးခဲ့သောနေရာတွင် ၁၂ ပေအကျယ် မြေသားလမ်းခင်းခြင်း၊ သံကူကွန်ကရစ်နှင့် Bored Pile ကျောက်စီမြေကာနံရံ အသစ်တည်ဆောက်ခြင်း၊ ယာယီရေထုတ်မြောင်း တည်ဆောက်ခြင်းနှင့် ဆောင်ရွက်မည့်အခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် RC မြေထိန်းနံရံများ တည်ဆောက်ရန်အတွက် Bored Pile တူးဖော်နေမှု၊ ရုံးဝင်းအတွင်း Prefabricated Office (၄၀ x ၄၀) ပေနှင့် (၄၀ x ၆၀)ပေများဖြင့် ယာယီရုံးခန်းများ ဖွင့်လှစ်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နေပြည်တော်ဥတ္တရသီရိ ရေလှောင်တမံ ရေပိုလွှဲကို တွေ့ရစဉ်။

# တူပြိုင်ပြိုင်လုပ်ကိုင်ကြပါစို့

ကမ္ဘာ့ဇာတ်ခုံကြီးမှ ကမ္ဘာ့တေးသံလိုက်၍ ကနိုင်တဲ့ ဗမာပြည်ကြီးဖြစ်အောင် ဖန်တီးပြုပြင်ကြစို့။ ဗမာပြည်ကြီးကို လွတ်လပ်ပြီး တိုးတက်ထွန်းကားတဲ့ တိုင်းပြည်ဖြစ်အောင် ကြံဆောင်ကြိုးစားကြစို့။ ယခုလက်ဝယ်ရှိတဲ့ လုပ်ငန်းတာဝန်အလိုက် ကျွန်တော်တို့ အလုပ်လုပ်ကြစို့။ ကျွန်တော်တို့အားလုံး စစ်သားရော၊ နိုင်ငံရေးသမားရော၊ စာရေးဆရာရော၊ သတင်းစာဆရာရော၊ ဗမာတစ်မျိုးသားလုံး ယခုပြောတဲ့အတိုင်း ခေတ်ပြောင်းအလုပ်ကို တူပြိုင်ပြိုင်လုပ်ကိုင်ကြပါစို့။

(၁၉၄၇ ခုနှစ် အိုးဝေမဂ္ဂဇင်းတွင် ပဲခူးကျောင်းဆောင်သား ဗိုလ်ချုပ်အောင်ဆန်း၏ အာဘော်နှင့် အောင်မြင်ဆန်းသစ်သော အတွေးအခေါ်များမှ ကောက်နုတ်ချက်)



## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေပေးအပ်

နေပြည်တော် ဇူလိုင် ၁၅

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရုံးအမှတ်(၃၁) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့၏ သားသမီးများသည် နိုင်ငံ၏အနာဂတ်ဖြစ်သကဲ့သို့ ပညာရေးသည်လည်း နိုင်ငံတော်၏ အနာဂတ်ဖြစ်သောကြောင့် ပညာတတ်လူငယ်များဖြစ်လာစေရေး၊ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားနိုင်ရေး၊ အချိန်မတိုင်မီ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းထွက်ရခြင်းများမရှိစေရေးနှင့် တန်းစဉ်ကူးပြောင်းမှုတွင် အရေအတွက်သာမကဘဲ အရည်အချင်းပါ တိုးတက်လာစေရေးနှင့် မိဘများထက် သားသမီးများက ပိုမိုတော်သည့် လူတော်များဖြစ်လာစေရေး မိဘများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်တို့က ပေးအပ်ချီးမြှင့်ရာ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများက လက်ခံရယူကြသည်။ (ဓာတ်ပုံ)

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေများကို နှစ်စဉ်ထောက်ပံ့ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ကျောင်းသား ကျောင်းသူ ၁၈၄၉ ဦးအတွက် ပညာသင်ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

မြန်မာနိုင်ငံမျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ခိုင်မာသော မျိုးစေ့လုပ်ငန်းတစ်ခုဟူသည် အရည်အသွေးပြည့်မီသော မျိုးစေ့များကို လိုအပ်သောအချိန်၊ လိုအပ်သောနေရာတွင် လိုအပ်သောပမာဏကို တောင်သူလယ်သမားများနှင့် စိုက်ပျိုးထုတ်လုပ်သူများ ရရှိအသုံးပြုနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်ကြောင်း၊ လက်ရှိ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ပြည်တွင်း၌ထုတ်လုပ်ခြင်းနှင့် ပြည်ပမှတင်သွင်းခြင်း နည်းလမ်းများဖြင့် မျိုးစေ့ဖူလုံမှုကို ဆောင်ရွက်နေသော်လည်း ရေရှည်တွင် သီးနှံစုံစိုက်ပျိုးရေးအတွက် လိုအပ်သော မျိုးစေ့များကို မိမိတို့နိုင်ငံ၏ ကွဲပြားခြားနားသည့် ရေ၊ မြေ၊ ရာသီဥတု အနေအထားအရ မျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပြီး ပြည်တွင်းမျိုးစေ့ လိုအပ်ချက်ကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေးအပြင် တဖြည်းဖြည်းကြီးမားလာလျက်ရှိသည့် ကမ္ဘာ့မျိုးစေ့ဈေးကွက်ရှိ ဒေသတွင်းနိုင်ငံများ၏ မျိုးစေ့ဈေးကွက်ကို မျှဝေရယူနိုင်မည့် အခွင့်အလမ်းများအရ ပြည်တွင်းမျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင် ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

အနာဂတ်ကာလတွင် မျိုးစေ့ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မျိုးစေ့ထုတ်လုပ်တင်ပို့သည့် နိုင်ငံအဖြစ် ပေါ်ထွန်းလာစေရန် လိုအပ်သော ပြင်ဆင်မှု၊ ဖြေလျှော့မှု၊ ပံ့ပိုးကူညီမှုများကို ဖန်တီးပေးခြင်း၊ မျိုးစေ့ထုတ်လုပ်ငန်း ဆောင်ရွက်နေကြသော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကုမ္ပဏီများ တောင်သူများအနေဖြင့်လည်း တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး မျိုးစေ့ထုတ်လုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး ဒေသအလိုက်အောင်မြင်ဖြစ်ထွန်းမှုရှိသော အရည်အသွေးကောင်းမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးသွားနိုင်ရေး ကြိုးပမ်းကြရန်လိုကြောင်း၊ သို့မှသာ တောင်သူလယ်သမားများနှင့် မျိုးစေ့ထုတ်လုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်သူများ သာမက နိုင်ငံတော်အတွက်ပါ များစွာအကျိုးကျေးဇူးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက မြန်မာ့မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၏ အရေးပါမှုကို တင်ပြပြီး သက်ဆိုင်ရာ ပညာရှင်များက မျိုးစေ့ဥပဒေ၊ စည်းမျဉ်းများနှင့် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် အလေ့အကျင့်ကောင်းများ၊ မြန်မာ့မျိုးစေ့သုတေသနနှင့် မျိုးကွဲသစ်များဖော်ထုတ်ခြင်း၊ မြန်မာနိုင်ငံမျိုးစေ့အသင်း ဥက္ကဋ္ဌနှင့် ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိသူများက ပုဂ္ဂလိကကဏ္ဍ၏ မြန်မာ့မျိုးစေ့ကဏ္ဍဖွံ့ဖြိုးရေးနှင့် ရင်ဆိုင်နေရသော စိန်ခေါ်မှုများ၊ မျိုးစေ့လုပ်ငန်းနှင့်စပ်လျဉ်း၍ အခက်အခဲများ၊ တောင်သူတစ်ဦးက တောင်သူများ မျိုးကောင်း မျိုးသန့် မျိုးစေ့ရရှိသုံးစွဲမှုနှင့် ရင်ဆိုင်ရသည့် အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

အုပ်စုအလိုက်ဆွေးနွေးခြင်းတွင် မျိုးစေ့ဥပဒေနှင့် မူဝါဒ၊ မျိုးစေ့ထုတ်လုပ်မှုနှင့် အရည်အသွေး၊ မျိုးစေ့ဖြန့်ဖြူးမှုနှင့် ဈေးကွက်၊ မျိုးစေ့သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အုပ်စု(၄)ခုခွဲ၍ ဆွေးနွေးပြီး အုပ်စုကိုယ်စားလှယ်များက ဆွေးနွေးချက်ရလဒ်များကို ပြန်လည်တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲတွင် ဝန်ကြီးဌာနမှ မျိုးစေ့ပညာရှင်များနှင့် ပုဂ္ဂလိကကဏ္ဍမှ မျိုးစေ့ပညာရှင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

မြန်မာ့မျိုးစေ့ကဏ္ဍ၏ လက်ရှိအခြေအနေကို နားလည်သဘောပေါက်ရန်နှင့် အဓိကစိန်ခေါ်မှုများကို ဖော်ထုတ်ရန်၊ မျိုးစေ့ထုတ်လုပ်မှု၊ အရည်အသွေးထိန်းချုပ်မှုနှင့် ဖြန့်ဖြူးမှုဆိုင်ရာ သုံးသပ်ချက်များကို သိရှိစေရန်၊ အစိုးရ၊ ပုဂ္ဂလိကနှင့် တောင်သူ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုဝေတာဝန်ယူခြင်းအားဖြင့် သီးနှံများ အထွက်တိုးရေးကို အထောက်အကူဖြစ်စေရန်၊ မျိုးစေ့ကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသည့် မူဝါဒအကြံပြုချက်များ ချမှတ်ရန် ရည်ရွယ်ကျင်းပသည့် အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဌာနတာဝန်ရှိသူများ၊ မြန်မာနိုင်ငံမျိုးစေ့အသင်း၊ မျိုးစေ့ထုတ်ကုမ္ပဏီများနှင့် မျိုးစေ့ထုတ်တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားမြှင့်တင်ရေးပြခန်း ရုရှားနိုင်ငံသားများ အထူးစိတ်ဝင်စားမှုရှိခဲ့ပြီး လာရောက်သူများဖြင့် စည်ကားခဲ့

နေပြည်တော် ဇူလိုင် ၁၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့၌ ဇူလိုင် ၁၁ ရက်မှ ၁၃ ရက်အထိ "In Siberia–THERE is!" ခေါင်းစဉ်ဖြင့် ကျင်းပသော အစားအစာနှင့် ခရီးသွားပြပွဲတွင် ပါဝင်ခဲ့သည့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားမြှင့်တင်ရေးပြခန်းသည် ရုရှားနိုင်ငံသားများနှင့် နိုဗိုစီဗစ် မြို့သူ မြို့သားများ၏ အထူးစိတ်ဝင်စားမှုကို ရရှိခဲ့ပြီး လာရောက်သူများဖြင့် စည်ကားခဲ့သည်။



မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားမြှင့်တင်ရေးပြခန်းသို့ လာရောက်ကြသူများသည် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်မှုများကို စိတ်ဝင်တစားမေးမြန်းလေ့လာခဲ့ကြသည်။

**ပရိသတ်များဖြင့် အထူးစည်ကား**

ပြခန်းတွင် မြန်မာနိုင်ငံမှ ပညာတော်သင် ကျောင်းသားများ၊ ကောင်စစ်ဝန်ရုံး မိသားစုများက မြန်မာ့ရိုးရာ သူငယ်တော်အက၊ တစ်ပင်တိုင်မင်းသားအက၊ ဦးရွှေရိုးနှင့် ဒေါ်မိုးအက၊ မြန်မာ့ရိုးရာ ရုပ်သေးအက၊ မြန်မာ့စောင်း၊ မြန်မာ့ရိုးရာခြင်းလုံးတို့ဖြင့် ဖျော်ဖြေတင်ဆက်ပေးကြသည့် အတွက် နိုဗိုစီဗစ်မြို့သူ မြို့သားများက တစ်ခဲနက်အားပေးကြပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသူ ရုရှားနိုင်ငံသား ပရိသတ်များဖြင့် ပြခန်းမှာ အထူးစည်ကားခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံမှ ဝါရင့်စားဖိုမှူးကြီးနှင့် မြန်မာမိသားစုများက မြန်မာ့အစားအစာများကို ချက်ပြုတ်တည်ခင်းပြသ ဧည့်ခံခဲ့ရာ ပြပွဲလာရောက်ကြသူများ နှစ်သက်စွာ အားပေးခဲ့ကြပြီး တည်ခင်းဧည့်ခံသည့် အစားအစာများထဲမှ မြန်မာ့မုန့်ဟင်းခါးနှင့် လက်ဖက်ကို အထူးနှစ်သက်စွာ အားပေးခဲ့ကြသည့်အပြင် မြန်မာ့ဝိုင်ကိုလည်း စိတ်ဝင်စားမှုများပြားခဲ့ကြောင်း သိရသည်။





**စိတ်ဝင်စားမှုများပြား**

အဆိုပါအစားအစာနှင့် ခရီးသွားပြပွဲကို နိုဗိုစီဗစ်မြို့ အော့မြစ်ဘေးရှိ မီခါရီလော့ဖ်စကားရား ပန်းခြံ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပွဲကျင်းပသည့် သုံးရက်တာကာလအတွင်း မြန်မာနိုင်ငံကိုယ်စားပြု ပြခန်းသို့ လာရောက်လည်ပတ်သူ သိန်းဂဏန်းဝန်းကျင်ရှိခဲ့သည်။

ပြပွဲ လာရောက်သူများ၏ စိတ်ဝင်စား အားပေးမှုသာမက နိုဗိုစီဗစ်အစားအစာနှင့် ခရီးသွားပြပွဲကျင်းပရေး ကော်မတီက ပြုလုပ်သည့် အစားအစာ၊ အချက်အပြုတ် အပျော်တန်းပြိုင်ပွဲတွင်လည်း မြန်မာ့အစားအစာများကို ချက်ပြုတ်ပြသခဲ့ရာ ပြိုင်ပွဲဝင်များအကြား စိတ်ဝင်စားမှု များပြားခဲ့သည်။

ထိုသို့ ပါဝင်ပြသခြင်းဖြင့် မြန်မာ့ရိုးရာအစားအစာများ၊ မြန်မာ့ယဉ်ကျေးမှု အနုပညာများနှင့် မြန်မာနိုင်ငံ၏ အထင်ကရခရီးစဉ်ဒေသများအကြောင်း ပြပွဲသို့ လာရောက်သူများထံ တိုက်ရိုက်ဖြန့်ဝေဆောင်ရွက်နိုင်ခြင်း၊ ရုရှားခရီးသွားများမြန်မာနိုင်ငံအကြောင်း ပိုမိုသိရှိကာ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ပြပွဲလာ နိုင်ငံတကာနှင့် ရုရှားနိုင်ငံတို့မှ ခရီးသွားလုပ်ငန်းများ၊ ရုရှားနိုင်ငံသားများ အထူးသဖြင့် နိုဗိုစီဗစ်မြို့သူ မြို့သားများထံ မြန်မာနိုင်ငံနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ဖြန့်ဝေမိတ်ဆက်နိုင်ခဲ့သောကြောင့် ရုရှားခရီးသွားဈေးကွက်မြှင့်တင်နိုင်ရန် များစွာ အထောက်အကူဖြစ်စေခဲ့သည်။

သတင်းစဉ်





# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၄၆ ဦး ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇူလိုင် ၁၅

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မဲ့ထော်သလေး (KK Park)နှင့် ကျောက်ခတ်နယ်မြေတို့တွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၄၆ ဦးအား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Mr. Hoang Minh Hai နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၁၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၂၂၄ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၀၅၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၁၆၉ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။



နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းမြို့နှင့် ချမ်းမြသာစည်မြို့နယ်တို့တွင် ငွေကျပ် ၂၀ ဒသမ ၂၂၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ကိုးသန်းကျော်၊ ဘိန်းဖြူ ၂၂ ကီလို သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၅

စစ်ကိုင်းမြို့နှင့် ချမ်းမြသာစည် မြို့နယ်တို့တွင် ငွေကျပ် ၂၀ ဒသမ ၂၂၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ကိုးသန်းကျော်၊ ဘိန်းဖြူ ၂၂ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

## သိမ်းဆည်းရမိ

ဖြစ်စဉ်မှာ ဇူလိုင် ၇ ရက် ညနေ ၆ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်ကိုင်းမြို့ နီလာရပ်ကွက် ခရိုင်ချင်းဆက်လမ်းတွင် ကျော်မင်းထွန်း မောင်းနှင်ပြီး ကျော်ထက်အောင် လိုက်ပါလာသော Hyundai Starex ယာဉ်နှင့် ဟန်ဌေးမောင်းနှင်သည့် Hyundai Starex ယာဉ်တို့အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၂၅ သန်းနှင့် ဘိန်းဖြူ ၂၂ ကီလို သိမ်းဆည်းရမိခဲ့သည်။



ပြစ်မှုကျူးလွန်သူ ရွှန်လေ့ကျုံးနှင့် ဗန်ကျဲအိုမန်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



ပြစ်မှုကျူးလွန်သူ ဟန်ဌေး၊ ကျော်မင်းထွန်း၊ ကျော်ထက်အောင်နှင့် ဟိန်းမင်းလတ်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## အရေးယူဆောင်ရွက်

ကွင်းဆက်ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား သယ်ဆောင်ခိုင်းသူ ဟိန်းမင်းလတ်ကို ဇူလိုင် ၈ ရက် နံနက် ၈ နာရီတွင် ကျောက်ဆည်မြို့ မင်းရပ်ရပ်ကွက် မြို့ရှောင်လမ်းပေါ်ရှိ တည်းခိုခန်းတွင် Ford Ranger ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်း၏ ဖော်ထုတ်ချက်အရ မန္တလေးမှ ကလေးသို့ မူးယစ်ဆေးဝါးများ သယ်ဆောင် ရောင်းဝယ်သူများ ဖြစ်သည့် ဗန်ကျဲအိုမန်းနှင့် ရွှန်လေ့ကျုံးတို့အား ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက် ၁၁၁ အိုင်လမ်းရှိ နေအိမ်တွင် စိတ်ကြွရူးသွပ်ဆေးပြား လေးသန်း၊ မူးယစ်ဆေးဝါး သယ်ဆောင်ရာတွင် အသုံးပြုသည့် ဆီဘောက်ဆာယာဉ် နှစ်စီး၊ Toyota Hilux Surf ယာဉ် တစ်စီးတို့နှင့်အတူ ဆက်လက် ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းစိတ်ကြွရူးသွပ် ဆေးပြား ၉ ဒသမ ၂၅ သန်း (၎င်းဒေသတန်ဖိုး ငွေကျပ် ၁၉ ဒသမ ၁၂၅ ဘီလ်ယံ) နှင့် ဘိန်းဖြူ ၂၂ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၁ ဘီလီယံ) ဖြစ်ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်များအရ သိမ်းဆည်းရမိ မူးယစ် ဆေးဝါးများအား ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မှ မန္တလေးသို့ သယ်ဆောင်ခိုင်းသူ ရှမ်းလေး၊ အောင်မြင့်ထွန်းနှင့် မန္တလေးမှ ကလေးသို့ သယ်ဆောင်ခိုင်းသူ စံရန်းတို့ဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက် ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ပနိုင်ငံများသို့ သုံးလတာကာလအတွင်း ငါးတန်ချိန် ၅၀၀၀၀ ကျော် တင်ပို့ထား

**မန္တလေး ဇူလိုင် ၁၅**

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လကုန်အထိ သုံးလတာ ကာလအတွင်း ငါးတန်ချိန် ၅၀၀၀၀ ကျော် တင်ပို့ထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနက ထုတ်ပြန်ချက်များအရ သိရသည်။

ပြည်ပနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများ သို့ တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း၊ ငါးတင်ပို့မှုအဖြစ် မက်ထရစ်တန်ချိန် ၅၅၉၁၆ ဒသမ ၂၃၇ တန်ကို တင်ပို့နိုင်ခဲ့သည်။

မြန်မာနိုင်ငံမှ ပုစွန် အပါအဝင် အခြားငါးမျိုးစုံတို့ကို



တင်ပို့ရောင်းချခဲ့ခြင်းဖြစ်ပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့မှုများအပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

ယခု ဘဏ္ဍာနှစ် သုံးလတာကာလအတွင်း ပြည်ပနိုင်ငံများသို့ ပုံမှန်ကုန်သွယ်မှုအဖြစ် ငါး မက်ထရစ် တန် ၃၁၇၀၆ ဒသမ ၄၅၇ တန် တင်ပို့ခဲ့ပြီး နယ်စပ်ကုန်သွယ်မှုမှ ငါး မက်ထရစ် တန် ၂၄၂၀၉ ဒသမ ၇၈ တန် တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ပြည်ပသို့ ငါးတင်ပို့မှုအဖြစ် ယခင်နှစ်များတွင် ငါး မက်ထရစ်တန်ချိန် ၆၁၃၇၂ ဒသမ ၇၄၂ တန် တင်ပို့ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**(မန္တလေးနေ့စဉ်-၈)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၁၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၁၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "@moekyaw 3739" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကံဘဲ့ကျေးရွာနေ မိုးကျော်အား ညနေ ၆ နာရီခွဲတွင် ဘုရားကြီးနယ်မြေရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## လွမ်းမောဖွယ် အခန်းဖော်များ ဖြစ်ခဲ့ကြသော BTS အဖွဲ့

ကမ္ဘာကျော် ကေပေါ့ပ် BTS အဖွဲ့သည် ၂၀၁၃ ခုနှစ် ပွဲဦးထွက်စကာလ Dorm တွင် ခုနစ်ဦး အတူနေထိုင်ခဲ့ကြပြီး လွမ်းမောဖွယ် အခန်းဖော်များ ဖြစ်ခဲ့ကြကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ Dorm တွင် နှစ်ထပ်စင် ခုတင်လေးများနှင့် တစ်ခန်းထဲ ခုနစ်ဦး အတူမျှဝေသုံးစွဲခဲ့ကြပြီး ဒုတိယ Dorm အသစ်ပြောင်းချိန်တွင် နှစ်ယောက်တစ်ခန်း နေခဲ့ကြကာ နောက်ဆုံး Dorm တွင် ဂျေဟုတ်နှင့် ဂျီမင်မှလွဲ၍ သီးသန့်အခန်းများ နေခဲ့ကြကာ ညမအိပ်မီ စကားပြောကြ၊ ရေချိုးခန်းအတူဝင်ကြ၊ ရန်ဖြစ်ခဲ့ကြ၊ ဗိုက်ဆာလျှင် မျှဝေစားကြ၊ ရုပ်ရှင်အတူကြည့်ကြ၊ ညဘက်အပြင်ထွက်သောက်၍ ပြန်လာကြနှင့် လွမ်းမောဖွယ် အခန်းဖော်များ ဖြစ်ခဲ့ကြသည်။

လက်ရှိတွင် ကိုယ်ပိုင်အိမ်၊ တိုက်ခန်းများနှင့် သီးသန့်နေထိုင်နေကြကာ အောင်မြင်မှုကိုယ်စီ ပိုင်ဆိုင်ထားကြသော်လည်း အမှတ်တရများနှင့် ငယ်ရွယ်မှုကို ပွေ့ပိုက်ရင်း အတူတူနေခဲ့သည့် အိမ်လေးကို နှုတ်ဆက်ခဲ့ကြသည်။

(SKY)

## Wang Yibo ရုပ်ရှင် ပွဲဦးထွက်နှစ်တွင် ဇာတ်ကား သုံးကားဖြင့် ဆုငါးဆုရရှိထား

တရုတ်အနုပညာရှင် ဝမ်ရိဘိုသည် ရုပ်ရှင်ပွဲဦးထွက်နှစ်မှာပင် ရုပ်ရှင်ဇာတ်ကား သုံးကားဖြင့် ဆုငါးဆု ရယူနိုင်ခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တရုတ်အော်စကာဆု Golden Rooster Awards & Hundred Flowers Awards တွင် China Film Huabiao Awards, Honlcong Film Awards, China Movie Channel Media Awards နှင့် Asian Film Awards တို့ ပါဝင်ပြီး Golden Eagle Awards, Flying Asparas Awards နှင့် Magrolia Awards တို့မှာ ရုပ်သံဇာတ်လမ်းအတွက် ဖြစ်ကြသည်။

ဝမ်ရိဘိုသည် အဆိုပါဆုအသီးသီးတွင် တရုတ်အော်စကာဆု နှစ်နှစ်ဆက် ဝင်ခဲ့ကာ ရုပ်ရှင်ဇာတ်ကား သုံးကားဖြင့် ဆုငါးဆုရရှိထားပြီး Golden Eagle Awards ၏ အသက်အငယ်ဆုံး ဆုရှင်ဖြစ်ခဲ့သည်။

(SKY)



## Xiao Zhan က ဇာတ်ညွှန်း၊ ဇာတ်လမ်း ဇာတ်ကားရွေးချယ်ရာတွင် တော်သူဖြစ်

တရုတ်အနုပညာရှင် Xiao Zhan ပါဝင်သော ရုပ်ရှင်နှင့် ရုပ်သံများမှာ အောင်မြင်မှုရ၍ ဇာတ်ရုပ်နှင့် ထပ်တူကျရခြင်းမှာ ဇာတ်ညွှန်းနှင့် ဇာတ်လမ်း ရွေးချယ်ရာတွင် တော်သူဖြစ်သည်ဟု ပရိသတ်များ သတ်မှတ်ခံရကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Xiao Zhan သည် ဇာတ်ကောင်တစ်ခုချင်းစီအပေါ် စိတ်နှစ်၍ ကြိုးစားခဲ့သဖြင့် စံချိန်ချိုးကာ အောင်မြင်မှုရရှိခဲ့ရာ ၂၀၁၆ ခုနှစ် Super Star Academy, Shuttle Love Millennium, ၂၀၁၈ ခုနှစ် Oh ! My Emperor, Shuttle Love Millennium, ၂၀၁၉ ခုနှစ် The Untamed, Joy of Life တို့တွင် ပါဝင်ထားသည်။



၂၀၂၀ ပြည့်နှစ် Heroes in Harm's Way, The Wolf, ၂၀၂၁ ခုနှစ်တွင် The Longest Promise, Sunshine By My Side, ၂၀၂၅ ခုနှစ်တွင် Legend of Zang Hai နှင့် TBA Spying တို့ဖြစ်ပြီး ပရိသတ်အားပေးမှု တစ်ခဲနက် ရရှိထားကာ အောင်မြင်မှုများစွာ သိမ်းပိုက်ထားခဲ့သည်။ (SKY)



## အမျိုးသမီးများ၏ အရိုးပွဲ့စည်းပုံကို ထိန်းသိမ်းရာတွင် ဥရောပဆီးသီးခြောက်များက အထောက်အကူဖြစ်စေနိုင်မည်

နို့သည် သန်မာသောအရိုးများနှင့် ဆက်စပ်သော တစ်ခုတည်းသော အစားအစာမဟုတ်ဘဲ ဥရောပဆီးသီးခြောက်များသည် သွေးဆုံးပြီး အမျိုးသမီးများအား အရိုးဖွဲ့စည်းပုံနှင့်အားကို ထိန်းသိမ်းရာတွင် အထောက်အကူဖြစ်စေနိုင်ကြောင်း အမေရိကန်ပြည်ထောင်စု ပင်ဆယ်လ်ဗေးနီးယားပြည်နယ်တက္ကသိုလ်မှ သုတေသီများ မကြာသေးမီက အစီရင်ခံတင်ပြသည်။

လူတို့အသက်ကြီးလာသည်နှင့်အမျှ ဟန်ချက်ပျက်ယွင်းကာ အရိုးပြိုကွဲမှုသည် ပြန်လည်တည်ဆောက်နိုင်သည်ထက် ပိုမိုမြန်ဆန်လာတတ်သည်။ ထိုဆီးသီးခြောက်ကို နေ့စဉ် စားသုံးခြင်းသည် အသက်အရွယ်ကြောင့်ဖြစ်သော အရိုးဆုံးရှုံးမှုကို နှေးကွေးစေပြီး အရိုးကျိုးနိုင်ခြေကို လျော့ကျစေနိုင်ကြောင်း အဆိုပါသုတေသီများ ဖော်ထုတ်တွေ့ရှိခဲ့သည်။

အရိုးဖွဲ့စည်းပုံ၊ ကြံ့ခိုင်မှုနှင့် ခန့်မှန်းအားတို့နှင့် သက်ဆိုင်သော သုံးဖက်မြင်အရိုးရလဒ်များကို စမ်းသပ်စစ်ဆေးသည့် ပထမဆုံး ထိန်းချုပ်မှုစမ်းသပ်ချက်ဖြစ်သည်ဟု အဆိုပါတက္ကသိုလ်မှ ဇီဝကမ္မဗေဒပါမောက္ခ မေရီဂျိန်းဒီဆူဇာက ရှင်းလင်းပြောကြားကြောင်း သိရသည်။ (SCI)



## Seo Yea Ji က Kim Soo Hyun နှင့် ပတ်သက်မှုမရှိကြောင်း ငြင်းဆိုထား

တောင်ကိုရီးယား အနုပညာရှင် Seo Yea Ji က သူနှင့် နာမည်ကြီး ပြဿနာဖြစ်နေသော မင်းသား Kim Soo Hyun နှင့် ပတ်သက်မှုမရှိကြောင်း ငြင်းဆိုထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လက်ရှိထိပ်တန်းမင်းသား Kim Soo Hyun မှာ ပြဿနာများနှင့်ရင်ဆိုင်နေရပြီး မင်းသမီး Seo Yea Ji နှင့် ပတ်သက်မှု ရှိ၊ မရှိ မေးခွန်းထွက်ပေါ်လာ၍ ငြင်းဆိုထားသည်။ Seo Yea Ji က သူသည် လူသားတစ်ဦးဖြစ်ပြီး စိတ်ဖိစီးမှု၊ စိတ်ပင်ပန်းမှု၊ စိတ်ရှုပ်ထွေး ဝမ်းနည်းမှုများနှင့် ရင်ဆိုင်နေရကာ Kim Soo Hyun နှင့်ရော သူ့အစ်ကိုဝမ်းကွဲနှင့်ပါ ဆက်နွယ်မှုမရှိကြောင်း ငြင်းဆိုသွားခဲ့သည်။ (SKY)

## Harry Potter ပန်ဆင်းရှင် JK Rowling က မှော်ဆန်စွာ အောင်မြင်မှုရရှိခဲ့

အင်္ဂလန်နိုင်ငံတွင် လူမှုဖူလုံရေး အထောက်အပံ့နှင့် ရပ်တည်နေရပြီး အိမ်ထောင်ရေးပြိုကွဲကာ စိတ်ဓာတ်ကျနေသော်လည်း ရင်ထဲတွင် အိပ်မက်လှလှတစ်ခုရှိပြီး မှော်ဆန်စွာ အောက်ခြေမှ Harry Potter နှင့် အောင်မြင်ခဲ့သူ JK Rowling ဖြစ်ကြောင်း ဟောလိဝုဒ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရထားနှင့်ခရီးသွားစဉ် Harry Potter ဟုခေါ်သည့် ကောင်လေးတစ်ဦး၏ မှော်ဆန်သည့် စိတ်ကူးကို အကောင်အထည်ဖော်လိုသည့် အိပ်မက်နှင့် အခက်အခဲများကြားမှ ဖန်တီးခဲ့ရာ ထုတ်ဝေသူ ၁၂ ဦး၏ ပယ်ချခံခဲ့ရပြီး Bloom Sbury က ထုတ်လုပ်ပေးခဲ့ရာမှ ကမ္ဘာတစ်ဝန်း အရောင်းရဆုံး စာအုပ်ဖြစ်ခဲ့သည်။

Harry Potter ဇာတ်လမ်းတွဲများ ရိုက်ကူးခဲ့ရာ ကမ္ဘာ့ဘာသာစကားမျိုးစုံဖြင့် ပြန်ဆိုခဲ့ပြီး ရုပ်ရှင်၊ ပြဇာတ်များနှင့် ကမ္ဘာ့အချမ်းသာဆုံး စာရေးဆရာမတစ်ဦး ဖြစ်လာခဲ့သည်။ JK Rowling က အောက်ဆုံးထိ နိမ့်ကျခဲ့သည့်ဘဝကို မှော်ဆန်ဆန် ပြန်တည်ဆောက်၍ အောင်မြင်မှုများ ပိုင်ဆိုင်ခဲ့သူဖြစ်သည်။

(SKY)



## Robert De Niro ၏ Once Upon A Time in America ဇာတ်ကားတွင် လမ်းမပေါ်မှ ဘဝအကြောင်းဖြစ်

ဟောလိဝုဒ်မင်းသား ရောဘတ်ဒီနီရို၏ အကောင်းဆုံး ရုပ်ရှင် Once Upon A Time in America မှာ ဂန်းစတားတစ်ဦး၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိဖြစ်ပြီး လမ်းမပေါ်မှ ဘဝအကြောင်း ရိုက်ကူးထားကြောင်း ဟောလိဝုဒ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်၏ မူရင်းဝတ္ထုသည် ပြင်ပလောကရှိ ဂန်းစတားတစ်ဦး၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိဖြစ်ပြီး ထောင်ကျနေစဉ် ရေးသားထားကာ မင်းသား ရောဘတ်ဒီနီရို၏ ဇာတ်ရုပ်နှင့် တူသူဖြစ်သည်။

ဒါရိုက်တာ ဆာဂီယိုလိုနီက ဂန်းစတားတစ်ယောက်၏ ဘဝအစစ်ကို ပုံဖော်ပြသထားရာ ခမ်းနားထည်ဝါခြင်း၊ ရင်သပ်ရှုမောဖွယ်ဖြစ်ခြင်းအပြင် လွမ်းမောဖွယ်ကောင်းခြင်းကိုပါ ဖြည့်စွက်တင်ပြထားသည်။


လွမ်းမောဖွယ်အတိတ်ရှိခဲ့သော အမေရိကန်၏ လမ်းမပေါ်မှ ဘဝများအကြောင်းဖြစ်ပြီး ၁၉၈၄ ခုနှစ်တွင် ထွက်ရှိထားပြီး လက်ရှိအချိန်အထိ ရေပန်းစားနေဆဲ ဖြစ်သည်။

(SKY)

* * * * * *



# တရုတ်သမ္မတနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး တွေ့ဆုံ



**ပေကျင်း ဇူလိုင် ၁၅**

တရုတ်နှင့် ရုရှားနှစ်နိုင်ငံအကြား ကဏ္ဍစုံရှိ လုပ်ငန်းမူဘောင်များတွင် အပြန်အလှန်ကူညီမှု မြှင့်တင်ပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် လုံခြုံရေးဆိုင်ရာ အကျိုးစီးပွားများကို ထိန်းသိမ်းစောင့်ရှောက်ကာ ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံများ၏ ညီညွတ်မှုကို ရှေးရှုပြီး နိုင်ငံတကာမျက်နှာစာကို ညီမျှမှုရှိသည့် လမ်းကြောင်းသို့ ဦးတည်ဆောင်ရွက်သွားမည်ဟု တရုတ်သမ္မတရှီကျင့်ဖျင်က ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့ဗ်နှင့် ပေကျင်းမြို့တွင် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ထို့ပြင် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို ဖော်ဆောင်ရာတွင် အပြန်အလှန်ပံ့ပိုးကူညီမှုရှိရန်နှင့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အရှိန်အဟုန်ကို မြှင့်တင်ရန် အပါအဝင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့၏စကြီးကို ခိုင်မာစေရေးဆောင်ရွက်ရန် သမ္မတရှီကျင့်ဖျင်က မှတ်ချက်ပြုပြောကြားသည်။ ရုရှားသမ္မတ ပူတင်ထံသို့ မိမိ၏နှုတ်ခွန်းဆက်စကားများကို ရင်းနှီးခင်မင်မှုရှိရှိ ပေးပို့လိုက်ကြောင်းနှင့် နှစ်ဖက် စလုံးအနေဖြင့် ရရှိထားသည့် အရေးပါသည့် သဘောတူညီချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကာ တရုတ်-ရုရှားပြီးပြည့်စုံသည့် မဟာဗျူဟာမြောက် ဆက်ဆံရေးကို မြှင့်တင်ရမည်ဟု ရှီက ပြောကြားခဲ့သည်။ ပြီးပြည့်စုံသော ဒေသဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး ယန္တရားဖြစ်သည့် တရုတ်နှင့် ရုရှားတို့အပါအဝင်နိုင်ငံများဖြင့် ပူးပေါင်းဖွဲ့စည်းထားသော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် ယူရေးရှား ဒေသတစ်ဝန်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ထိန်းသိမ်းရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်ဟု ရှီက မှတ်ချက်ပြုသည်။

ရုရှားသမ္မတပူတင်ထံမှ ရင်းနှီးဖော်ရွေမှုရှိသည့် နှုတ်ခွန်းဆက်စကားများကို မိမိမှတစ်ဆင့် တရုတ်သမ္မတရှီကျင့်ဖျင်ထံ ပါးလိုက်ကြောင်းနှင့် နှစ်နိုင်ငံ ခေါင်းဆောင်များ၏ မဟာဗျူဟာကျသည့် ခေါင်းဆောင်မှုအောက်တွင် တရုတ်-ရုရှားမဟာဗျူဟာ မြောက် ပူးပေါင်းဆောင်ရွက်ရေးသည် နက်ရှိုင်းစွာဖြင့် ဖွံ့ဖြိုးတိုးတက်နေကြောင်း ရုရှားနိုင်ငံခြားရေး ဝန်ကြီး ဆာဂျီလက်ဗရော့ဗ်က ပြောကြားသည်။ ရုရှားနိုင်ငံသည် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးကို အလေးထားပြီး ယခုနှစ်ကဲ့သို့သော ကမ္ဘာ့ဖက်ဆစ် စနစ် ဆန့်ကျင်ရေးစစ်ပွဲအောင်ပွဲ နှစ် (၈၀) ပြည့်မြောက်သည့် ထူးခြားသည့်အခါသမယတွင် တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံအကြား အဆင့်မြင့်တာဝန်ရှိသူများ အချင်းချင်း ဆက်သွယ်ဆက်ဆံရေးမြှင့်တင်ဆောင်ရွက်ရန် မျှော်လင့်ကြောင်း ၎င်းကပြောကြားသည်။ တရုတ်နှင့် ရုရှားအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်မည်ဖြစ်ကာ ဒေသတွင်းနှင့် နိုင်ငံတကာ အရေးများတွင် ညှိနှိုင်းဆောင်ရွက်ပြီး ဒေသတွင်းနှင့် ကမ္ဘာကြီး၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို မြှင့်တင်ဆောင်ရွက်မည်ဟု ၎င်းကပြောကြားသည်။ ထို့ပြင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အလှည့်ကျ သဘာပတိအဖြစ် တရုတ်နိုင်ငံက ဆောင်ရွက်ခြင်းကို ရုရှားကထောက်ခံပြီး တီယန်ကျင်းတွင် ကျင်းပမည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးဆွေးနွေးပွဲ အောင်မြင်စေရေး ပူးပေါင်းဆောင်ရွက်မည်ဟု ၎င်းကပြောကြားသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

## တရုတ် ငွေကြေးဆိုင်ရာလှုပ်ရှားမှု ပထမနှစ်ဝက်တွင် တည်ငြိမ် ဈေးကွက်ယုံကြည်မှု ပြန်လည်ကောင်းမွန်လာခြင်းကို ညွှန်ပြနေ

**ပေကျင်း ဇူလိုင် ၁၅**

တရုတ်နိုင်ငံ၏ ငွေကြေး ဆိုင်ရာလှုပ်ရှားမှုသည် ပထမ နှစ်ဝက်တွင်တည် ငြိမ်သောအရှိန် အဟုန်ကို ထိန်းသိမ်းထားနိုင်ခဲ့ ပြီး ဇွန်လတွင် ထပ်မံတိုးတက်မှု များရှိခဲ့ကာ ငွေကြေးလျှော့ပေါ့ မှုများ အကျိုးသက်ရောက် လာ သည်နှင့်အမျှ ဈေးကွက်ယုံ ကြည်မှု ပြန်လည်ကောင်းမွန်လာ ခြင်းကို ညွှန်ပြနေသည်ဟု တရုတ်နိုင်ငံ၏ ဗဟိုဘဏ်က ဇူလိုင် ၁၄ ရက်တွင် အစီရင်ခံ ကြောင်း စီအင်န်အိုင်သတင်းဌာန က ဖော်ပြသည်။

တရုတ်ဗဟိုဘဏ်က ဒုတိယ နှစ်ဝက်တွင် ငွေကြေးမူဝါဒကို လိုက်လျောညီထွေဖြစ်အောင် ထိန်းသိမ်းထားမည်ဖြစ်ပြီး ထပ်မံ လျှော့ပေါ့မှုများသည် အတိုင်း အတာတစ်ခုအထိသာ ဖြစ်နိုင် ဖွယ်ရှိသည်ဟု တာဝန်ရှိသူများ နှင့် ကျွမ်းကျင်သူများက ပြော ကြားသည်။

နိုင်ငံ၏ စစ်မှန်သော စီးပွား ရေးသို့ ရန်ပုံငွေထောက်ပံ့မှု စုစု ပေါင်းပမာဏဖြစ်သော ပေါင်းစု လူမှုဘဏ္ဍာရေးသည် ပထမ ခြောက်လတာကာလတွင် ယွမ် ၂၂ ဒသမ ၈၃ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၈ထရီလီယံ)ရှိခဲ့ပြီး ပြီးခဲ့သည့် နှစ် အလားတူကာလထက် ယွမ် ၄ ဒသမ ၇၄ ထရီလီယံ တိုး တက်ခဲ့သည်ဟု ဆိုသည်။

ထိုအတောအတွင်း ဇွန်လ ကုန်အထိ တရုတ်နိုင်ငံ၏ ထုတ် ပေးပြီး ပေါင်းစုလူမှုဘဏ္ဍာရေး သည် စုစုပေါင်း ယွမ် ၄၃၀ ဒသမ ၂၂ ထရီလီယံ ရှိခဲ့သည် ဟု ဗဟိုဘဏ်က အတည်ပြု ကြောင်း သိရသည်။ **Mon**





## ဟန်ဂေရီနိုင်ငံရှိ အလယ်ခေတ် ခရစ်ယာန်ဘုန်းတော်ကြီးကျောင်းမှ သမိုင်းမှတ်တမ်းစာအုပ်များကို ပိုးမွှားများအန္တရာယ်မှ ကယ်တင်နေရ

**ဘူဒါပက်စ် ဇူလိုင် ၁၅**

ဟန်ဂေရီနိုင်ငံရှိ အလယ် ခေတ် ခရစ်ယာန်ဘုန်းတော်ကြီး ကျောင်းတစ်ကျောင်း၏ စင်များ ပေါ်မှ ရာစုနှစ်ပေါင်းများစွာ သက်တမ်းရှိသော ရှေးဟောင်း သမိုင်းမှတ်တမ်းစာအုပ်များကို ပိုးမွှားများ အန္တရာယ်မှကယ်တင် နေရသည်။

နှစ်ပေါင်း ၁၀၀၀ သက် တမ်းရှိ ပန်နွန်ဟာလ်မာ အာ့ချ် အက်ဘီကျောင်းသည် ကျယ်ဝန်း သော ဘဲနီဒစ်တိုင်း ဘုန်းတော် ကြီးကျောင်းတော် တစ်ကျောင်း ဖြစ်ပြီး ဟန်ဂေရီနိုင်ငံ၏ ရှေး အကျဆုံး ပညာရေးဌာနများထဲမှ တစ်ခုဖြစ်သည့်အပြင် ယူနက်စ ကို ကမ္ဘာ့အမွေ အနှစ်နေရာ တစ်ခုလည်းဖြစ်သည်။

ပြန်လည်ထိန်းသိမ်းရေး လုပ်သားများသည် ၎င်းတို့၏ စင်များပေါ်မှ လက်ချုပ်စာအုပ် ပေါင်း ၁၀၀၀၀၀ ခန့်ကို ဖယ် ရှားကာ သေတ္တာများထဲသို့ ဂရု တစိုက် ထည့်သွင်းနေကြပြီး ၎င်း တို့အတွင်းသို့ ဝင်ရောက်နေ သော သေးငယ်သည့် ပိုးကောင် များကိုသတ်ရန် ရည်ရွယ်သည့် ပိုးသတ်လုပ်ငန်းစဉ် စတင် နေ ခြင်းဖြစ်သည်။

ပိုးမွှားများကို အဆိုပါ ဘုန်း တော်ကြီးကျောင်း၏ စာအုပ် ပေါင်း ၄၀၀၀၀၀ အနက် လေးပုံ တစ်ပုံခန့်ကို ထားရှိသည့် စာ ကြည့်တိုက်၏ အချို့အပိုင်းတွင် တွေ့ရှိခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

## တရုတ်အာကာသစခန်းသို့ သွားရောက်သည့် ပထမဆုံး ကုန်တင်ယာဉ်အဖြစ် တယန်းကျိုး-၉ ကို ဝမ်ချန်းအာကာသလွှတ်တင်ရေးစခန်းမှ လွှတ်တင်

**ပေကျင်း ဇူလိုင် ၁၅**

တရုတ်နိုင်ငံ ဟိုင်နန်ပြည် နယ်၌ တယန်းကျိုး-၉ လူမဲ့ကုန် တင်ယာဉ်ကို ဇူလိုင်၁၅ရက် နံနက်ပိုင်းက အောင်မြင်စွာလွှတ် တင်ခဲ့ရာ ၎င်းသည် ယခုနှစ် အတွင်း တရုတ်၏ တယန်းကုန်း အာကာသစခန်းသို့ သွားရောက် သည့် ပထမဆုံးနှင့် တစ်ခုတည်း သော ကုန်တင်မစ်ရှင်ဖြစ် ကြောင်း စီအင်န်အိုင်သတင်းဌာန က ဖော်ပြသည်။

ကုန်တင်ယာဉ်ကို ထိပ်ပိုင်း တွင် တပ်ဆင်လျက် လောင်း မတ်ချ်-၇ သယ်ဆောင်ရေးဒုံးပျံ သည် ဟိုင်နန်အရှေ့တောင်ကမ်း ရိုးတန်းရှိ ဝမ်ချန်းအာကာသ လွှတ်တင်ရေးစခန်းရှိ လွှတ်တင် ရေးမျှော်စင်မှ နံနက် ၅နာရီ ၃၄မိနစ်တွင် ပျံတက်သွားခဲ့ ကြောင်း တရုတ်လူလိုက်ပါ အာ ကာသအေဂျင်စီက ပြောကြား သည်။

အတိုဆုံးပျံသန်းမှုအပြီးတွင် ထိုဒုံးပျံသည် တယန်းကျိုး-၇ ကို ကြိုတင်သတ်မှတ်ထားသော ကမ္ဘာ့ပတ်အနိမ့်ပတ်လမ်းသို့ ပို့ဆောင်ပေးခဲ့ပြီး လူမဲ့ယာဉ်၏ နေရောင်ခြည်စွမ်းအင်သုံး တောင်ပံများလည်း မကြာမီ ပွင့်ထွက်လာခဲ့ရာ လွှတ်တင်ရေး မစ်ရှင်ကို အောင်မြင်စွာ ပြီးစီးပြီ ဖြစ်ကြောင်း အဆိုပါအေဂျင်စီက သတင်းထုတ်ပြန်သည်။

တယန်းကျိုး-၉ ကို သုံးလ နီးပါးပတ်လမ်းတွင် ရှိနေခဲ့ကြ သည့် ရှန်ကျိုး-၂၀ အာကာသ ယာဉ်မှူးများအတွက် လောင်စာ များ၊ သိပ္ပံနည်းကျပစ္စည်းများနှင့် လိုအပ်သောပစ္စည်းများကို ပေးပို့ ရန် တာဝန်ပေးထားပြီး ၎င်းတို့၏ ဆက်ခံမည့် ရှန်ကျိုး-၂၁ အာ ကာသယာဉ်ကိုမှူး လာမည့်ဆောင်း ရာသီတွင် လွှတ်တင်ရန် စီစဉ် ထားကြောင်း သိရသည်။

**Mon**



## ဘိုးအင်းလေယာဉ်များ၏ ဆီထိန်းချုပ်ခလုတ်များကို စစ်ဆေးရန် အိန္ဒိယလေကြောင်းထိန်းသိမ်းရေး အာဏာပိုင်အဖွဲ့ အမိန့်ထုတ်ပြန်

**ဒေလီ ဇူလိုင် ၁၅**

လူပေါင်း ၂၆၀ ဦး သေဆုံး ခဲ့ရသည့် အိန္ဒိယလေကြောင်း လိုင်းပိုင်ခရီးသည်တင် လေ ယာဉ်ပျက်ကျမှုတွင် ဘိုးအင်း လေယာဉ်များ၏ ဆီထိန်းချုပ် ခလုတ်များ ပါဝင်ပတ်သက်ခဲ့ သည်ဟု ဖော်ပြခဲ့ပြီးနောက် အိန္ဒိယလေကြောင်း ထိန်းသိမ်း ရေး အာဏာပိုင်အဖွဲ့က နိုင်ငံ တွင်းရှိ လေကြောင်းလိုင်းများကို ဆီထိန်းချုပ်ခလုတ်များကို စစ် ဆေးရန် အမိန့်ထုတ်ပြန်ခဲ့သည်။

အဆိုပါအမိန့်သည် အိန္ဒိယ နှင့် နိုင်ငံတကာ လေကြောင်း လိုင်းများက ၎င်းတို့၏ ကိုယ်ပိုင် စစ်ဆေးမှုများ စတင်ပြုလုပ်နေ ပြီးနောက် ထွက်ပေါ်လာခြင်း ဖြစ်ကြောင်း လေကြောင်းပို့ ဆောင်ရေး အထွေထွေညွှန်ကြား မှုဦးစီးဌာနက သတင်းထုတ်ပြန် သည်။

အမေရိကန်ပြည်ထောင်စု ဖက်ဒရယ်လေကြောင်းစီမံခန့်ခွဲ ရေးအဖွဲ့က တနင်္လာနေ့တွင် ဘိုး အင်းလေယာဉ်များရှိ ဆီထိန်း ချုပ်ခလုတ်များသည် ကောင်းမွန် ကြောင်း ပြောကြားခဲ့ပြီးနောက် ထိုအမိန့်ထွက်ပေါ်လာခြင်းဖြစ် ကြောင်း သိရသည်။

**Mon**

0-0-0-0-0



## မြို့မဈေးအတွင်း ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**တောင်တွင်းကြီး ဇူလိုင် ၁၅**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်) အစား ၄က်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း(Campaign)နှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ဇူလိုင် ၁၄ ရက် နံနက် ၇ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။



အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့မဈေးအကျိုးတော်ဆောင်အဖွဲ့များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများ ယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေခဲ့ကာ ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်) အသုံးပြုမှု လျှော့ချရေးအတွက် အသိပညာပေး (compaign) ပြုလုပ်ခြင်းကို အပတ်စဉ်တနင်္လာနေ့တိုင်းပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**နောင်နောင်(မိဿနိုးမြေ)**

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်

**မန္တလေး ဇူလိုင် ၁၅**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်း မီးဘေးလုံခြုံစေရန်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရပ်ကွက်များသို့ မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ သတိပြုရမည့်အချက်များကို အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်ခြင်းကို ဇူလိုင် ၁၄ ရက် ညနေ ၆ နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့အသိပညာပေးနှိုးဆော်ရာတွင် နေအိမ်များ၌ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများဖြစ်သည့် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေပုံးနှင့် မီးသတ်ဆေးဘူးများ စီစဉ်ဆောင်ရွက်ထားရှိရေး၊ မီးသွေး၊ မီးဖိုဖြင့် ထမင်း၊ ဟင်း ချက်ပြုတ်ပြီးပါက မီးကြွင်း၊ မီးကျန်များအား စနစ်တကျ ငြိမ်းသတ်ထားရှိရန်စသည့် မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ကြေညာချက်များအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် အသံချဲ့စက်ယာဉ်ဖြင့် လှည့်လည်နှိုးဆော် ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(ဝ၅၇)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

**စစ်ကိုင်း ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ လေးကျွန်းမြေ အုဋ္ဌကျောင်း၊ မင်းကွန်းပုထိုးတော်ကြီးပညာရေးအကယ်ဒမီကျောင်းတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စု (စစ်ကိုင်းမြို့)မှ ဒုတိယရဲမှူး ကျော်စိုးလွင်က ကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိလိုက်နာရမည့်အချက်များ၊ ဆိုင်ကယ်စီးလျှင် ဆိုင်ကယ်ဦးထုပ်ဆောင်းရန်နှင့် မေးသိုင်းကြိုးစနစ်တကျတပ်ဆင်ရန် စသည့်များကို အသိပညာပေး ဟောပြောကာ ကျောင်းသား၊ ကျောင်းသူများ၏ သိရှိလိုသည့် မေးမြန်းချက်များအား ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၅၇)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်တို့၌ ဇူလိုင် ၁၀ ရက်နှင့် ၁၁ ရက်က လိုင်စင်မဲ့မော်တော် ယာဉ်နှစ်စီး ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၀ ရက် ညနေ ၄ နာရီ မိနစ် ၄၀ တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်ရှိ ရတနာပုံ စစ်ဆေးရေးဂိတ်၌ အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေး၊ မဟာအောင်မြေမြို့နယ်နေ နင်းကိုကို (၃၂)နှစ်ဆိုသူအား MDY-15 2N /---- TOYO-TA CROWN အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ်ဖြင့်လည်းကောင်း၊ အလားတူ ဇူလိုင် ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်စဉ် ပေါင်းတည်မြို့နယ်၊ ပျဉ်ပုံကျေးရွာအရောက်၌ အဆိုပါကျေးရွာနေ မြချို(၄၅) နှစ်ဆိုသူအား 4F/---- TOYO-TA CALDINA အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ်ဖြင့်လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သဖြင့် နင်းကိုကိုနှင့် မြချိုဆိုသူတို့နှစ်ဦးအား သက်ဆိုင်ရာ ရဲစခန်းများ၌ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ ဖြင့် အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ





## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**လားရှိုး ဇူလိုင် ၁၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဇူလိုင် ၁၃ ရက် မွန်းလွဲ ၁ နာရီခွဲက လားရှိုးမြို့အဝင် ရေပူစမ်းလမ်းဆုံအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ယုံလင် မောင်းနှင်လာသည့် BYD-F3 အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ယုံလင် (၂၈)နှစ်အား လားရှိုးနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

ဥပဒေဘောင်တွင်း
နေထိုင်ခြင်း
ဘေးကင်းရန်ကျ
လွန်ချမ်းသာ ။

## မိုးညှင်းမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**မိုးညှင်း ဇူလိုင် ၁၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီခွဲက မိုးညှင်းမြို့နယ်၊ နန့်စီးအောင်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ကျော်မင်းထက်မောင်းနှင်ပြီး မလှဦး လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ခွကြားတွင် သယ်ဆောင်လာသော လက်ဆွဲအိတ်အတွင်းမှ ဘိန်းစိမ်း အလေးချိန် ကီလို ၃၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား လည်းကောင်း၊ အလားတူ ထိုနေ့ ၁၂ နာရီခွဲက ပူးပေါင်းအဖွဲ့သည် အဆိုပါနေရာ၌ မန္တလေးမြို့ဘက်မှ မြစ်ကြီးနားမြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် မမြင့်မြင့်ခိုင်၊ မရွယ်၊ မသီတာကျော်၊ မခင်နွဲ့ဦးနှင့် မနေခြည်ဦးတို့ထံမှ ဘိန်းဆီခဲ အလေးချိန် ၁၅ ကီလို၊ ဘိန်းစိမ်း အလေးချိန် ၂၂ ဒသမ ၅ ကီလိုနှင့် လက်ကိုင်ဖုန်း သုံးလုံးတို့အား လည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျော်မင်းထက်(၂၁)နှစ်၊ မလှဦး(၆၁)နှစ်၊ မမြင့်မြင့်ခိုင်(၄၇)နှစ်၊ မရွယ်(၆၁)နှစ်၊ မသီတာကျော် (၄၈)နှစ်၊ မခင်နွဲ့ဦး (၆၃)နှစ်နှင့် မနေခြည်ဦး (၄၀)နှစ်တို့အား မိုးညှင်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ





# ဘုရားတည်မလား၊ ကျောင်း၊ အိမ်ဆောက်မလား၊ ဒါတွေ၊ ဒါတွေ မှတ်လို့ထား(၂)

ဥပုသ်နေ့တစ်နေ့ ရောက်လာပြန်ပြီဖြစ်၏။ အဘိုးတို့၏ စကားဝိုင်းသည်လည်း ဒုတိယနေ့စကားဝိုင်းဟု ဆိုရမည်ဖြစ်၏။ လွန်ခဲ့သော ဥပုသ်နေ့တုန်းက စခဲ့သော ဘုရားတည်၊ ကျောင်း၊ အိမ်ဆောက်ပုံတို့၏ အဆက်ဖြစ်၏။ ခရေပင်အောက်က ကွပ်ပျစ်ပေါ်တွင် အဘိုးတို့နှင့်အတူ နားထောင်ကြမည့် လူငယ်၊ လူလတ်၊ လူကြီးတို့သည်လည်း စည်ကားနေပြီဖြစ်၏။

'နေပါဦး ကိုကြီးချမ်းအေးရဲ့။ နိမိတ်အိုးကိုးလုံးချပြီးတော့ အဲ့ဒီနေ့သားကိုးယောက်တို့က ဘာလုပ်ကြသလဲ။'

'ဒီလိုလေ ကိုကြီးရာကူးရဲ့၊ စောစောကပြောခဲ့တဲ့ နေ့သားကိုးယောက်တို့ဟာ ကိုယ်ချထားတဲ့ နိမိတ်အိုးနဲ့အတူ စန်းပွင့်ရာဖြစ်တဲ့အရပ်ကို မျက်နှာမူပြီး ထိုင်နေကြရတယ်။ သူတို့ရဲ့ လက်ထဲမှာတော့ မြေကိုတူးဖို့ တူရွင်းတို့၊ ငန်းပြားတို့ တစ်ခုခုကို ကိုင်ထားကြရတယ်။ မြေကွက်ရဲ့ အလယ်မှာဖြစ်စေ၊ သင့်လျော်တဲ့နေရာတစ်ခုခုမှာဖြစ်စေ ထိုင်နေကြတဲ့ လူပရိသတ်တွေကလည်း နိမိတ်သားကိုးယောက်နဲ့အတူ စန်းပွင့်ရာအရပ်ဘက်ကို မျက်နှာမူပြီး ထိုင်ကြရမယ်။ ရှေးဦးစွာ ရဟန်းတော်တစ်ပါးပါးစီက ငါးပါးသီလဖြစ်စေ၊ ရှစ်ပါးသီလဖြစ်စေ၊ ကိုးပါးသီလဖြစ်စေ ခံယူကြရမယ်။'

'အဲ့ဒီ သီလယူပြီးတော့ ဘာလုပ်ကြသလဲ ကိုကြီးအေးချမ်းရာ။'

'သီလယူပြီးတော့ ရဟန်းတော်အားလုံးက ပရိတ်တွေရွတ်ကြတယ်ဗျာ။ အထူးသဖြင့်ကတော့ ရတနာသုတ်ကြီးကို ထည့်ပြီး ရွတ်ကြတာ များပါတယ်။ အဲ့ဒီ ပရိတ်ရွတ်ပြီးတာနဲ့ ရဟန်းတော်တွေက သိမ်နှုတ်ကမ္မဝါ၊ အနန္တရာယိက ကမ္မဝါတို့ကို ရွတ်ကြတယ်။ အဲ့ဒီလို ရွတ်ပြီးတာနဲ့ ပရိတ်သဲတွေကို အရှေ့မြောက်ထောင့်ကစပြီး လက်ယာရစ် ပတ်ပတ်လည် ဖျန်းကြရတယ်။ ရှေးတုန်းကတော့ ပရိတ်သဲထည့်ထားတဲ့ အိုးရဲ့ဖင်မှာ အပေါက်သေးသေးလေး ဖောက်ထားပြီး လက်ယာရစ် ပတ်ပတ်လည် လေးဘက်လေးတန် ပရိတ်သဲဖျန်းရတယ်။ အဲ့ဒီလေးဘက် ပတ်မိပြီးမှ မြေအလယ်ခေါင်ကနေပြီး မြေတစ်ပြင်လုံးကို ပရိတ်သဲတွေ လွှမ်းသွားအောင် ဖျန်းကြရမယ်။'

'ပရိတ်သဲတွေ ဖျန်းပြီးတော့ ဘာတွေဆက်လုပ်ရသေးလဲ ကိုကြီးချမ်းအေးရဲ့။'

'ပရိတ်သဲတွေ ဖျန်းပြီးတော့ အဲ့ဒီပရိတ်သဲဖျန်းသလိုပဲ အရှေ့မြောက်ထောင့်ကနေပြီး ပရိတ်ရေကို ဖျန်းကြရမယ်။ ပရိတ်ရေကိုဖျန်းပြီးတာနဲ့ ပရိတ်ချည်ကိုလည်း အရှေ့မြောက်ထောင့်ကနေပြီး လက်ယာရစ် ပတ်ပတ်လည် ချည်ကြရမယ်။ အဲ့ဒီလိုပြီးတာနဲ့ နိမိတ်သားတွေက မြေကို အမြန်ဆုံးတူးပြီး နိမိတ်အိုးတွေကို မြေထဲမှာ မြှုပ်နှံကြရမယ်။'

'မြေသန့်အိုးတွေ မြှုပ်နှံပြီးတာနဲ့ မြေသန့်မင်္ဂလာပြီးရောလား ကိုကြီးချမ်းအေးရဲ့။'

'မြေသန့်မင်္ဂလာပြီးပြီလို့ ပြောလို့လည်းရပါတယ် ကိုကြီးကြောင်ရာ။ မြေရှင်းဖို့၊ မြေညှိဖို့အပိုင်းတော့ ကျန်သေးတာပေါ့။ အဲဒီမြေမရှင်းခင်လေးမှာ အခုမြေသန့်ပြီးသွားတဲ့ မြေအတွင်းမှာရှိတဲ့ သစ်ပင်ပေါ်မှာ နေထိုင်ကြတဲ့ နတ်အပေါင်းတို့ကို စကားညွှန်းကြရမယ်။ အဲ့ဒီစကားညွှန်းကိုလည်း သံဃာတော်တစ်ပါးပါးကပဲ ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်'

'ဘယ်လိုဆောင်ရွက်ပေးရမှာလဲ ကိုကြီးချမ်းအေးရဲ့။'

'ဒီလိုလေ ကိုကြီးကျားရဲ့။ ရဟန်းတော်တစ်ပါးက ညွှန်းရမယ့်စကားကိုတော့ သေသေချာချာ မမှတ်မိတော့ဘူးလေ။ ဆရာဘုန်းကြီးကတော့ ပါဠိတွေရော၊ ပါဠိသားတွေရော ရွတ်ပြခဲ့တာပဲ။ အကြမ်းဖျင်းကတော့ 'ဒီမြေဇရိယာအတွင်းမှာ ဘုရားတည်ပါတော့မယ်။ ကျောင်းဆောက်ပါတော့မယ်။ အိမ်ဆောက်ပါတော့မယ်။ ဒါကြောင့် သင်တို့နေထိုင်ရာ သစ်ပင်များမှ ဆင်းသက်ပြီး နတ်မင်းကြီးလေးပါးထံ နေရာတောင်းခံ ပြောင်းရွှေ့ကြပါတော့။ ယနေ့မှ နောက်တစ်ရက် ဤအချိန်ရောက်ပါက ဤမြေအတွင်းရှိ မြေပေါက်သစ်ပင်မှန်သမျှ ခုတ်ထွင်ရှင်းလင်းပစ်ပါတော့မယ်လို့' စကားညွှန်းပြီး ပရိသတ်ကြီးက သာခု သုံးကြိမ်ခေါ်ကြရပါတယ်။ အဲ့ဒီနေ့ ညနေနေဝင်တဲ့အချိန်ရောက်တာနဲ့ အကြီးဆုံးဖြစ်တဲ့သစ်ပင်ရဲ့ ခြေရင်းမှာ ဆီမီးငါးတိုင်ထွန်းညှိပူဇော်ကြရပါတယ်။'

'ဒါဆိုရင် မြေသန့်မင်္ဂလာဆိုတဲ့အပိုင်းအားလုံးပြီးသွားပြီလား ကိုကြီးချမ်းအေးရယ်။'

'ပြီးသွားပြီပေါ့ ကိုကြီးတုတ်ပေါ်ရာ။ ဆရာဘုန်းကြီး ဦးဒါရိုပ်က ပြောခဲ့တာတွေတော့ရှိသေးတယ်လေ။ မြေကြီးနဲ့ပတ်သက်လို့ တူးကြမယ်၊ ဆွကြမယ်ဆိုရင် မြေခံကောင်းတဲ့ရက်ကို ရွေးပြီးမှ လုပ်ကြရမယ်။ မြေခံကောင်း၊ မကောင်းလင်္ကာဆို ပြသေးတယ်။ ဒါတော့ မေ့သွားပြီ။ လိုရင်းကတော့ ဘုရားပဲ တည်တည်၊ ကျောင်းပဲ ဆောက်ဆောက်၊ အိမ်ပဲ ဆောက်ဆောက်၊ မီးဖိုပဲဆောက်ဆောက်၊ အိမ်သာပဲ တူးတူး၊ ဆယ်တစ်ပြစ်ကင်းတဲ့ရက်ကို ရွေးပြီး လုပ်ကြရမယ်။ အိမ်သာတူးတာ အရေးမကြီးပါဘူးလို့ပြောပြီး ကြုံရာ၊ ဆုံရာတူးခဲ့ရင် အဲ့ဒီအိမ်သာထဲမှာ ဒုက္ခရောက်ကြတဲ့သူတွေ မနည်းဘူးတဲ့။ မီးဖိုဆောက်တဲ့နေရာမှာလည်း ဒီလိုပါပဲ။ ပြီးပြီးရော လွယ်လွယ်ကူကူနဲ့ မီးဖိုတဲဆောက်ခဲ့ကြလို့ မီးတွေလောင်၊ ပြာကြ၊ ဆုံးရှုံးခဲ့ကြရတာတွေ မနည်းဘူးတဲ့။ အမှိုက်ကစ ပြာသာဒ်မီးလောင်ဆိုတာတွေဟာ ဒီလို နမော်နမဲ့လုပ်ခဲ့ကြလို့တဲ့။ ဆရာဘုန်းကြီးက သေသေချာချာကို ပြောခဲ့တယ် ကိုကြီးတုတ်ပေါ်ရဲ့။'

'နေပါဦး ကိုကြီးချမ်းအေးရဲ့၊ မြေသန့်မင်္ဂလာလုပ်ပြီးတာနဲ့ ဘုရားတည်တာ၊ ကျောင်းဆောက်တာ၊ အိမ်ဆောက်တာ လုပ်လို့ရပြီလားဗျာ။'

'ဘယ်ရဦးမလဲ ကိုကြီးပိန်ရာ။ ပန္နက်တော်တင်တဲ့ တွင်းတော်ဝင်းမင်္ဂလာဆိုတာ ရှိသေးတယ်လေ။ ပန္နက်တော်တင်မင်္ဂလာအကြောင်းကို အရင်ပြောချင်တယ်ဗျာ။'

'နေဦး ကိုကြီးချမ်းအေးရေ။ ဒီပန္နက်တော်တင်မင်္ဂလာအကြောင်းကိုတော့ ကိုကြီးစိန်ခိုက ဆရာဘုန်းကြီးပြောတဲ့အတိုင်း တွင်းကျ၊ တိုင်ကျကို ပြောနိုင်တာဗျ။ ကိုင်း . . . ကိုကြီးစိန်ခိုလုပ်ပါဗျာ။'

'ကိုကြီးစိန်မြက ခိုင်းတော့လည်း ပြောရမှာပေါ့လေ။ ဆရာဘုန်းကြီး ဦးဒါရိုပ်လို့ လူသိများကြတဲ့ ဘဒ္ဒန္တတိလောကဟာ မင်းတုန်းမင်းနဲ့ သီပေါမင်းတို့ရဲ့ အပူဇော်ခံဆရာတော်တစ်ပါးဖြစ်တယ်ဆိုတာ သိစေချင်ပါတယ်။ ဆရာတော်ဦးဒါရိုပ်ရဲ့ အသံတော်ဟာ တော်တော်ကို ထူးခြားတယ်။ နန်းတော်၊ နန်းဦးက ပြောလိုက်တဲ့အသံဟာ နန်းတော်အနောက်ထိပ်စည်ရှည်တံတားကကို သဲသဲကွဲကွဲကြားရတယ်။ တစ်ခုတော့ရှိတယ်။ ဆရာတော် ဦးဒါရိုပ်ဟာ လူတော၊ သူတော သိပ်မဝင်ဘူး။ ဘာပဲလုပ်လုပ်၊ လူပရိသတ်များတာကို မကြိုက်ဘူး။ လူနည်းနည်းနဲ့ တိုးတိုးသာသာ အလုပ်ပြီးတာကို ကြိုက်နှစ်သက်တယ်။ ပညာသင်ပေးရင်လည်း တပည့်နည်းနည်းပဲ သင်ပေးလေ့ရှိတယ်။ အုပ်စုခွဲပြီး သင်ပေးတာပဲ။ လေးငါးယောက်တစ်ဖွဲ့ ခွဲပြီး သင်ပေးလေ့ရှိတယ်။ အဲ့ဒီဆရာဘုန်းကြီး ဦးဒါရိုပ်သင်ပေးခဲ့တဲ့ ပန္နက်တော်တင် မင်္ဂလာအကြောင်းကို ပြောပြပါ့မယ်။'

'ဒါကြောင့် ကိုကြီးစိန်ခိုက တွင်းကျ၊ တိုင်ကျကို ပြောတတ်တယ်ဆိုတာ ယုံကြပြီမဟုတ်လား။ သေသေချာချာ နားထောင်ပြီး မှတ်ထားကြရင် တစ်ချိန်မှာ အသုံးဝင်မှာပေါ့ဗျာ။'

'ကဲ . . . ကိုကြီးစိန်မြရေ အမွှန်းတွေ၊ အချီးတွေ ရပ်လိုက်ပါတော့။ ပန္နက်တော်တင်မင်္ဂလာလုပ်တော့မယ်ဆိုရင် ရှေးဦးစွာ ရက်ကောင်း၊ မကောင်း ရွေးချယ်ရမယ်။ အဲ့ဒီရွေးချယ်တဲ့ရက်ဟာ မကောင်းတဲ့အချက်(၁၁)ချက်နဲ့လွတ်ကင်းရမယ်။'

'ရက်တစ်ရက်မှာ မကောင်းတဲ့အချက် (၁၁) ချက်ဆိုတာ ဘာတွေလဲ ကိုကြီးစိန်ခိုရဲ့။'

'ရက်တစ်ရက်မှာ မကောင်းတဲ့အချက် (၁၁) ချက်ကို ရေတွက်ပြမယ် ကိုကြီးကြွက်ချီးရေ။ အဲ့ဒီ မကောင်းတဲ့အချက် (၁၁)ချက်ကတော့ (၁) ပြဿဒါးရက်၊ (၂) သမားညီရက်၊ (၃) သမားဖြုရက်၊ (၄) ရက်ယုတ်မာရက်၊ (၅)ရှမ်းရက်၊ (၆) မဟာရက်ကြမ်းရက်၊ (၇) ဝါရမိတ္တုငယ်ရက်၊ (၈) ဝါရမိတ္တုကြီးရက်၊ (၉) ရက်ပုပ်ရက်၊ (၁၀)နဂါးပေါ်ရက်၊ (၁၁) လက်သမားမြေခံမကောင်းရက်တို့ပဲပေါ့။ အဲ့ဒီအချက် (၁၁)ချက်ထဲက တစ်ချက်ပဲမိမိ၊ နှစ်ချက်ပဲမိမိ၊ အဲ့ဒီမကောင်းရက်မိတဲ့ရက်ဟာ လုံးဝပန္နက်တော်တင်မင်္ဂလာမပြုလုပ်ရဘူး။ တကယ်လို့ ပန္နက်တော်တင်မင်္ဂလာပြုလုပ်ခဲ့ရင် အဲ့ဒီအိမ်၊ အဲ့ဒီကျောင်း၊ အဲ့ဒီဘုရားဟာ မကောင်းတာတွေ ဖြစ်လာမှာပဲ။ မြင်အောင်၊ ထင်အောင် ပြောရရင် ထင်းမီးစလိုပဲဖြစ်မှာပေါ့။ ထင်းမီးစဟာ တရွှေ့ရွှေ့နဲ့ မီးလောင်ခံရပြီး တိုးသွားသလို ဖြစ်ကြမှာမို့ အဲ့ဒီလို မကောင်းတဲ့ (၁၁)မျိုးနဲ့ မလွတ်တဲ့ရက်တွေမှာ ပန္နက်တော်တင်မင်္ဂလာ မလုပ်မိကြဖို့ ပြောချင်ပါတယ်။'

'ပန္နက်တော်တင်မင်္ဂလာရက်ရပြီဆိုပါတော့။ ပိုင်ရှင်နေ့သား၊ နေ့သမီးက ဘာတွေဆက်လုပ်ရဦးမှာလဲ ကိုကြီးစိန်ခိုရာ။'

'ဘုရားတည်ရင် ဘုရားဒါယကာ၊ ကျောင်းဆောက်ရင် ကျောင်းဒါယကာ၊ အိမ်၊ တိုက်ဆောက်ရင် အိမ်၊ တိုက်ပိုင်ရှင်တို့ဟာ ပန္နက်ရိုက်တာ၊ မြေတူးတာတွေကို လုံးဝမလုပ်ရဘူး။ အဲ့ဒီပိုင်ရှင်နေ့သား၊ နေ့သမီးတွေကို မူတည်ပြီး ပန္နက်တော်တင်မင်္ဂလာ ကြိုးရင်းကိုင်၊ ကြိုးဖျားကိုင်၊ ပန္နက်ရိုက်၊ မြေတူး၊ ပန္နက်တိုင်၊ ပန္နက်လက်စရိုက်တို့ကို ကိန်းခန်းနဲ့အညီ ရွေးချယ်ရမယ်။'

'အဲ့ဒီလိုရွေးချယ်ပြီးရင်ရော ဘာတွေ ဆက်လုပ်ရမလဲ ကိုကြီးစိန်ခို။'

'အဲ့ဒီလို ရွေးချယ်ပြီးတာနဲ့ အဲ့ဒီနေ့သားတွေဟာ စန်းပွင့်တဲ့အရပ်ဘက်ကို မျက်နှာမူပြီး ထိုင်နေကြရမယ်။ စန်းပွင့်တဲ့အရပ်ဆိုတာကလည်း ကိန်းခန်းနဲ့အညီ တွက်ချက်ကြည့်မှ သိရတာပဲ။ အဲ့ဒီ ပန္နက်တော်တင်မင်္ဂလာအခါမတိုင်ခင်အချိန်မှာ ကန်တော့ပွဲနဲ့တကွ ရေပြည့်တဲ့အိုးသစ်မှာ ကမ္ဘာ့ပန်း ခုနစ်မျိုးတို့ကို စိုက်ထိုးထားရမယ်။ တခြားလိုအပ်ရာရာတို့ကိုလည်း ပြင်ဆင်ထားရမယ်။ ပြီးတော့ အိမ်ရှင်၊ ကျောင်းရှင်၊ ဘုရားရှင်တို့က ဦးဆောင်ပြီး ဗိသုကာဆရာများ၊ ကြိုးကိုင်၊ ပန္နက်ရိုက်မည့်သူများက စန်းပွင့်တဲ့အရပ်ကို မျက်နှာမူပြီး ပူဇော် ပ,သကြရမယ်။'

'ပူဇော်ပ,သပြီး ဘာလုပ်ရမလဲ ကိုကြီးစိန်ခိုရဲ့။'

'ပူဇော်ပ,သပြီးရင်တော့ မင်္ဂလာအချိန်တော်ကို စောင့်ရမှာပေါ့ ကိုကြီးကြာခိုင်ရာ။ အဲ့ဒီမင်္ဂလာအခါတော်ရောက်တာနဲ့ ပန္နက်တိုင်ကို ပန္နက်လက်ရိုက်နဲ့ ငါးချက်တိတိ ရိုက်ရမယ်။ မြေကြီးထဲစူးဝင်သွားအောင် ရိုက်တာကို ပန္နက်ရိုက်တယ်လို့ ခေါ်တာပေါ့ဗျာ။ တိုင်ကိုးတိုင်ရှိရင် ပန္နက်ကိုးတိုင်ရိုက်ရတယ်။ တိုင် (၁၀၀)ရှိရင်လည်း ပန္နက်တိုင် (၁၀၀)ရိုက်ရတာပေါ့။ အဲ့ဒီပန္နက်တိုင်တွေ စုံသွားပြီဆိုတာနဲ့ ဥရုတိုင်ကို စောစောက ပန္နက်ရိုက်တဲ့သူကဖြစ်စေ၊ တခြားရွေးချယ်ထားတဲ့သူကဖြစ်စေ၊ တူရွင်း၊ ငန်းပြားတို့နဲ့ ပန္နက်တိုင်ကို လက်ယာရစ် 'ဝ'လုံးရေးသလို ရေးလိုက်ရမယ်။ ပြီးတော့ အဲ့ဒီ 'ဝ'လုံး ပုံစံရေးထားတဲ့ မျဉ်းကြောင်းပေါ်လိုက်ပြီး တူးရမယ်။ ပန္နက်တိုင်ကို ဆွဲပြီး မနုတ်ရဘူး။ ပန္နက်တိုင်အချွန်အောက် ရောက်သွားအောင် မြေကို တူးရမယ်။ ဖြစ်နိုင်ရင် မြေစာခဲကို ကွဲမသွားအောင် ပန္နက်တိုင်နဲ့အတူ အပေါ်ကို မ,တင်ရမယ်။ ဒါကိုပဲ ပန္နက်တော်တင်မင်္ဂလာလို့ ခေါ်တာပဲ။ အဲ့ဒီလို ပန္နက်တိုင်ပတ်လည် မြေတူးတာကို တွင်းတူးတယ်လို့ ခေါ်သလို 'ဝ'လုံးလို ဝိုင်းလိုက်တာကိုပဲ တွင်းတော်ဝင်းမင်္ဂလာလို့ ခေါ်ကြတာပေါ့။ ဒီတွင်းတော်ဝင်းအကြောင်းကို နောက်ဥပုသ်မှ ဆက်ကြဦးစို့။'

နေမင်းကြီးက အနောက်ဂေါယာကျွန်း ယွန်းသွားပြီဖြစ်၏။ အဘိုးတို့၏ စကားသံတို့လည်း ရပ်သွားပြီဖြစ်၏။ အော် . . . အချိန်တန်တော့လည်း အိမ်ပြန်ကြတော့မည်ကိုး။ ။

> "ဘုရားတည်ရင် ဘုရားဒါယကာ၊ ကျောင်းဆောက်ရင် ကျောင်းဒါယကာ၊ အိမ်၊ တိုက်ဆောက်ရင် အိမ်၊ တိုက်ပိုင်ရှင်တို့ဟာ ပန္နက်ရိုက်တာ၊ မြေတူးတာတွေကို လုံးဝမလုပ်ရဘူး။ အဲ့ဒီပိုင်ရှင် နေ့သား၊ နေ့သမီးတွေကို မူတည်ပြီး ပန္နက်တော်တင်မင်္ဂလာ ကြိုးရင်းကိုင်၊ ကြိုးဖျားကိုင်၊ ပန္နက်ရိုက်၊ မြေတူး၊ ပန္နက်တိုင်၊ ပန္နက်လက်စရိုက်တို့ကို ကိန်းခန်းနဲ့အညီ ရွေးချယ်ရမယ်။"

မောင်လောက




## အန်ဇိုဖာနန်ဒက်ဇ် တံကောက်ကြောဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိ

**လန်ဒန် ဇူလိုင် ၁၅**

ချဲလ်ဆီးအသင်းကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်ဇ်သည် တံကောက်ကြောဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ် ရှိနေသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ၂၀၂၅ ဖီဖာကလပ်ကမ္ဘာ့ဖလား ဗိုလ်လုပွဲစဉ်အဖြစ် ချဲလ်ဆီးအသင်းက ပီအက်စ်ဂျီအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုရယူနိုင်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ (ယာပုံ)

ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်ဇ် ဒဏ်ရာပြဿနာနှင့်ရင်ဆိုင်ခဲ့ရခြင်းကြောင့် ခြေစမ်းပွဲများ ကစားရန်ရှိသည့် ချဲလ်ဆီးအသင်းအတွက်လည်း ထိုးနက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ အန်ဇိုဖာနန်ဒက်ဇ်သည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၅ပွဲကစားကာ ၁၆ဂိုးအထိ သွင်းယူထားသည်။

(NGB)





## 2025 Palermo Ladies Open တင်းနစ်ပြိုင်ပွဲ ဇူလိုင် ၂၁ ရက်တွင် စတင်မည်

**တူရင် ဇူလိုင် ၁၅**

အီတလီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Palermo Ladies Open တင်းနစ်ပြိုင်ပွဲ လာမည့် ဇူလိုင် ၂၁ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2025 Palermo Ladies Open တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၂၁ ရက်မှ ၂၈ ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။ (အပေါ်ပုံ)

2025 Palermo Ladies Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

Palermo Ladies Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ တရုတ်တင်းနစ်မယ် Zheng Qinwen ဖြစ်သည်။ (NGB)

## မိုဒရစ် အေစီမီလန်အသင်းတွင် ကျောနံပါတ် (၁၄) ဂျာစီ ဝတ်ဆင်ကစားသွားမည်

**မီလန် ဇူလိုင် ၁၅**

ဝါရင့် ကွင်းလယ်ကစားသမား မိုဒရစ် အေစီမီလန်အသင်းတွင် ကျောနံပါတ်(၁၄)ဂျာစီ ဝတ်ဆင် ကစားသွားမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် လမ်းခွဲပြီးနောက် အေစီမီလန်အသင်းသို့ တစ်နှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။


ကွင်းလယ်ကစားသမား မိုဒရစ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၂-၂၀၁၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၉၇ပွဲကစားပြီး ၄၃ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အေစီမီလန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၉)နှစ်အရွယ်ရှိ မိုဒရစ်က "ကျွန်တော် အေစီမီလန် အသင်းမှာ ကျောနံပါတ် (၁၄) ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ ဒီအသင်းနှင့်အတူ စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်သွားမှာပါ။ ဒီအသင်းနဲ့အတူ ပွဲထွက်ကစားဖို့ မစောင့်နိုင်လောက်အောင်ပါပဲ"ဟု ပြောသည်။

(အောက်ပုံ) (NGB)



## ပယ်ဟင်ဟာအား ခေါ်ယူရန် မန်ချက်စတာယူနိုက်တက်အသင်းနှင့် စပါးအသင်းတို့ အပြိုင်စိတ်ဝင်စား



**လန်ဒန် ဇူလိုင် ၁၅**

မန်ချက်စတာယူနိုက်တက်အသင်းနှင့် စပါးအသင်းတို့သည် ဘိုင်ယန်မြူးနစ်အသင်း ကွင်းလယ် ကစားသမား ပယ်ဟင်ဟာအား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။ (ဝဲပုံ)

အသက်(၃၀)အရွယ်ရှိ ကွင်းလယ် ကစားသမားသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၂၅ပွဲကစားပြီး အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းနှင့် စပါးအသင်းတို့က အပြိုင် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းကလည်း ပယ်ဟင်ဟာအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းနှင့် စပါးအသင်းတို့အနေဖြင့် မည်သည့်အသင်းက ဘိုင်ယန်မြူးနစ်အသင်းထံမှ ပယ်ဟင်ဟာအား ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ (NGB)

## မွိုက်စ်ကိန်းကို စာချုပ်သက်တမ်းတိုးရန် ဖီအိုရင်တီးနားအသင်း စီစဉ်

**တူရင် ဇူလိုင် ၁၅**

ဖီအိုရင်တီးနားအသင်းသည် အသင်းတိုက်စစ်မှူး မွိုက်စ်ကိန်းအား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် ဖီအိုရင်တီးနားအသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။ (ယာပုံ)

တိုက်စစ်မှူး မွိုက်စ်ကိန်းသည် ဖီအိုရင်တီးနားအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၄ပွဲကစားပြီး ၂၅ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ဖီအိုရင်တီးနားအသင်းထုတ်ပြန်ချက်တွင် "မွိုက်စ်ကိန်းကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။(NGB)



## ရူနီဘတ်ခ်ဂျီအား ဘာစီလိုနာအသင်း ခေါ်ယူ

**ဘာစီလိုနာ ဇူလိုင် ၁၅**

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသည် ကိုပင်ဟေဂင်အသင်း တောင်ပံကစားသမား ရူနီဘတ်ခ်ဂျီအား ယူရို နှစ်သန်းဝန်းကျင်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၉)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဘာစီလိုနာအသင်းနှင့်အတူ လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

တောင်ပံကစားသမား ရူနီဘတ်ခ်ဂျီသည် ကိုပင်ဟေဂင်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၄ပွဲကစားပြီး ၁၅ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သလို အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။




ဘာစီလိုနာအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားနှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

(အပေါ်ပုံ) (NGB)

## ဂျွန်အာရီယက်စ်အား ခေါ်ယူရန် ဝုဖ်အသင်း သဘောတူညီမှု ရရှိ

**လန်ဒန် ဇူလိုင် ၁၅**

ပရီးမီးယားလိဂ်ကလပ် ဝုဖ်အသင်းသည် ဖလူမီနီစ်အသင်း ကွင်းလယ်တိုက်စစ်ကစားသမား ဂျွန်အာရီယက်စ်အား ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် လာမည့်တစ်ပတ်အတွင်း ဝုဖ်အသင်းနှင့်အတူ ဆေးစစ်မှုခံယူကာ စာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား ဂျွန်အာရီယက်စ်သည် ဖလူမီနီစ်အသင်းနှင့်အတူ ၂၀၂၁မှ ၂၀၂၅ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၂၂၉ပွဲကစားပြီး ၄၇ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝုဖ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဝုဖ်အသင်းသည် လက်ရှိတွင် ကစားသမားနှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။

(အောက်ဝဲပုံ) (NGB)




## အဲလ်ဗာရီကာရီယက်စ်ကို ယူရို သန်း ၅၀ ဖြင့် ရီးရဲလ်မက်ဒရစ်အသင်း ခေါ်ယူ

**မက်ဒရစ် ဇူလိုင် ၁၅**

ရီးရဲလ်မက်ဒရစ်အသင်းသည် ဘင်ဖီကာအသင်း နောက်ခံကစားသမား အဲလ်ဗာရီကာရီယက်စ်အား ပြောင်းရွှေ့ကြေး ယူရို သန်း ၅၀ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။



အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၃၁ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

နောက်ခံကစားသမား အဲလ်ဗာရီကာရီယက်စ်သည် ဘင်ဖီကာအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၅၂ပွဲကစားပြီး လေးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်း ထုတ်ပြန်ချက်တွင် "အဲလ်ဗာရီကာရီယက်စ်ကို ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း နောက်ထပ်ကစားသမားသစ်တွေ ထပ်မံခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟုထုတ်ပြန်သည်။ (ဝဲပုံ) (NGB)

### ၂၀၂၆ အာရှဖလား(အမျိုးသမီး) ဘောလုံးပြိုင်ပွဲ-ခြေစစ်ပွဲ (အုပ်စု-A) ပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၆-၇-၂၀၂၅ ဗုဒ္ဓဟူးနေ့ | ညဂ၊း၃၀နာရီ | လက်ဘနွန် - အီရန် |
| ။ | ည၁၀း၃၀နာရီ | ကျေးဒန် - ဘူတန် |

### အရှေ့တောင်အာရှ ချန်ပီယံရှစ်(ယူ-၂၃)ဘောလုံးပြိုင်ပွဲ(အုပ်စုအဆင့်)ပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|---|
| ၁၆-၇-၂၀၂၅ ဗုဒ္ဓဟူးနေ့ | ညနေ၄း၃၀နာရီ | B | ကမ္ဘောဒီးယား - လာအို |
| ။ | ည၇း၃၀နာရီ | C | မြန်မာ - တီမော |

# ရတနာပုဏ္ဏဝရဒါဣာ ဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး) ရွှေထီးတော် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်း ပူဇော်ပွဲ အခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၁၅**

အမရပူရမြို့နယ်ရှိ မဟာဓမ္မရံသီကုန်းတော်မြတ်၌ တည်ထားကိုးကွယ်တော်မူအပ်သော ရတနာပုဏ္ဏဝရဒါဣာ ဓာတုစေတီယ စွယ်တော်မြတ်စေတီတော် (မန္တလေး)ရွှေထီးတော် ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်း ပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါစေတီတော်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်၊ ချမ်းမြသာစည်မြို့နယ်ဒက္ခိဏာရာမ ဘုရားကြီးတိုက် ဇေတဝိကာရုံအုပ်ကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝါသဝသီရိ အမှူးပြုသော ဆရာတော်၊ သံဃာတော်(၅)ပါး ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ တက်ရောက်လာကြသူများက တိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီးနောက် ဆရာတော်များထံ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ရွှေထီးတော်အားကပ်လှူမည့် ရွှေသင်္ကန်းများ၊ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

၄င်းနောက် ရေစက်ချတရားနာယူကြည်ညိုကြ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှအတန်းပေးဝေ၍ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တာဝန်ရှိသူများက ရွှေထီးတော်အား ရွှေသင်္ကန်းများ ဆက်ကပ်ပူဇော်ကြပြီး ဆရာတော်များအား နေ့ဆွမ်းများ ဆက်ကပ်ခဲ့ကြောင်း၊ ရတနာပုဏ္ဏဝရဒါဣာ ဓာတုစေတီယ စွယ်တော်မြတ်စေတီတော်မှာ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများရှိခဲ့ပြီး ယခုအခါ ပြန်လည်ပြုပြင်မွမ်းမံခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**




















သတင်း-စာမျက်နှာ ၁၂







## ချင်းရိုးရာလက်ရက်ကန်းဒီဇိုင်းတီထွင်ဆန်းသစ်မှု နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

**ကလေး ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့တွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့်ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်း လုပ်ငန်းများအနက် (အခြေခံမွမ်းမံ) ချင်းရိုးရာလက်ရက်ကန်း ဒီဇိုင်းတီထွင်ဆန်းသစ်မှုနည်းပညာ သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက ချမ်းမြေ့အောင်စည်ရပ်ကွက်၊ နယ်မြေ(၂) ကလေးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ကလေးခရိုင် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဟန်ဝင်းအောင်က အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် ကလေးခရိုင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထိုက်တန်က သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းသူတစ်ဦးအား လုပ်ငန်းသုံး ပစ္စည်းများ ပေးအပ်ခဲ့သည်။



အဆိုပါ ချင်းရိုးရာ လက်ရက်ကန်း အခြေခံသင်တန်းကို ဇူလိုင် ၁၄ ရက်မှ ဩဂုတ် ၁၂ ရက်အထိလည်းကောင်း၊ ချင်းရိုးရာ လက်ရက်ကန်းမွမ်းမံသင်တန်းကို ဩဂုတ် ၁၈ ရက်မှ စက်တင်ဘာ ၁ ရက်အထိလည်းကောင်း အသီးသီး ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး အခမ်းအနားသို့ ကလေးခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## အာရုံခံ တန်ဆောင်းမျက်နှာကြက်များအား အရောင်တင်လုပ်ငန်း ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ညောင်ဦး ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်းရှိ အာနန္ဒာဘုရားကြီး တောင်ဘက်နှင့် မြောက်ဘက်အာရုံခံ တန်ဆောင်း မျက်နှာကြက်များအား ထိုင်ဝမ်ရွှေဆိုင်းဖြင့် အရောင်တင်ခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၄ ရက် မွန်းလွဲ ၂ နာရီက ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အစည်းအဝေးခန်းမတွင် ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုက အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**



ထို့နောက် ရွှေမိုက်လေလံတင်ဒါနှင့် ထိုင်ဝမ်ရွှေဆိုင်းကပ်တင်ဒါလုပ်ငန်း ကြီးကြပ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဒေါ်နီလာမြင့်က ထိုင်ဝမ်ရွှေဆိုင်းအရောင်တင်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများအား ရွှေဆိုင်းပညာရှင် ဦးဌေးလှိုင်က အကြံပြုဆွေးနွေးကာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ) ညွှန်ကြားရေးမှူး ဦးညီမွန်းက ထိုင်ဝမ်ရွှေဆိုင်းဖြင့် အရောင်တင်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် ရှေးမူမပျက် ဆောင်ရွက်လုပ်ကိုင်နိုင်ရေးအတွက် မဆောင်ရွက်မီ မူလအခြေအနေများအား မှတ်တမ်းတင်ထားနိုင်ရေးနှင့် ဆောင်ရွက်စဉ်၊ ဆောင်ရွက်ဆဲ လုပ်ငန်းများအား ဆွေးနွေးတင်ပြပြီး တက်ရောက်လာသည့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

(၄၈၁)

## မန္တလေးဆိပ်ကမ်းတွင် ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်အောက် ခြောက်ပေအကွာထိ ရောက်ရှိလာ

မန္တလေးဆိပ်ကမ်းတွင် ဧရာဝတီမြစ်ရေသည် ဇူလိုင်လဆန်းပိုင်းတွင် ၁၀၀၀ စင်တီမီတာအောက်တွင် ရှိခဲ့ရာမှ ဇူလိုင် ၁၁ ရက် ညနေ ၆ နာရီခွဲမှ စတင်၍ ၁၀၀၀ စင်တီမီတာအထက်သို့ ရောက်ရှိခဲ့ရာ ယနေ့တွင် ၁၀၇၇ စင်တီမီတာသို့ရောက်ရှိနေသဖြင့် စိုးရိမ်ရေမှတ် ၁၂၆၀ စင်တီမီတာအောက် ခြောက်ပေခန့်အလိုသို့ မြင့်တက်ခဲ့ကြောင်း သိရသည်။

ဇွန် ၁၅ ရက်က ၅၈၂ စင်တီမီတာထိ ကျဆင်းခဲ့ပြီးနောက် ဇွန် ၁၁ ရက်တွင် ၁၁၂၉ စင်တီမီတာအထိ မြင့်တက်ခဲ့ပြီးနောက် ပြန်လည်ကျဆင်းခဲ့ရာ ယခုကဲ့သို့ ပြန်လည်မြင့်တက်လာခဲ့ခြင်းဖြစ်သည်ဟု မိုး/ဇလ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဇွန် ၁၁ ရက်က အမြင့်ဆုံးရောက်ခဲ့ရာ အကျဘက်ကို တဖြည်းဖြည်း ဦးတည်လာပြီး ၁၃ ရက်မှာဆိုရင် ၁၀၄၄ စင်တီမီတာအထိ ရောက်လာတယ်။ အဲ့ဒီနောက်ပိုင်း မြစ်ရေကျဆင်းလာရာကနေ ဇွန်လကုန်မှာ ၉၀၀ စင်တီမီတာအထက် ပြန်လည်မြင့်တက်လာတယ်။ အဲ့ဒီကနေ ဇူလိုင် ၁၁ ရက်ကစပြီး ၁၀၀၀ စင်တီမီတာအထက် ပြန်လည်ရောက်ရှိလာတယ်"ဟု ၄င်းက ပြောသည်။



မန္တလေးဆိပ်ကမ်းမြစ်ရေတိုင်းထွာမှုများအရ ဇူလိုင် ၁၁ ရက် ညနေ ၆ နာရီခွဲက ၁၀၁၂ စင်တီမီတာ၊ ၁၂ ရက်တွင် ၁၀၂၃ စင်တီမီတာ၊ ၁၃ရက်တွင် ၁၀၄၇ စင်တီမီတာ၊ ၁၄ရက် တွင် ၁၀၆၉ စင်တီမီတာနှင့် ယနေ့ နံနက် ၆ နာရီခွဲတွင် ၁၀၇၇ စင်တီမီတာသို့ မြစ်ရေ မြင့်တက်လာခဲ့သည်။

"ဧရာဝတီမြစ်ရေက ဇွန်၊ ဇူလိုင်၊ ဩဂုတ်လတွေမှာ ပျမ်းမျှအားဖြင့် တစ်နှစ်ကို သုံးကြိမ်လောက် အတက်အကျရှိတယ်။ မနှစ်ကဆိုရင် စိုးရိမ်ရေမှတ်အထိ ရောက်ခဲ့တယ်။ ဒီနှစ်က မိုးကောင်းတော့ မြစ်ရေကြီးမှုကို သတိထားသင့်ပါတယ်။ ချောက်မြို့မှာဆိုရင် စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်အလိုကို ရောက်နေတယ်လို့ မိုး/ဇလက ကြေညာထားပါတယ်"ဟု မန္တလေး ဂေါဝိန်ဆိပ်ကမ်းနေသူ တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် မိုးများခြင်းကြောင့် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ် တို့ မြစ်ဖျားခံရာဒေသများမှ စီးဆင်းလာသော မြစ်ရေများသည် အောက်ဘက်ဆိပ်ကမ်းအသီးသီးသို့ ရောက်ရှိလာပြီး မြစ်ရေများ မြင့်တက်လာသဖြင့် မြစ်ချောင်းကမ်းနားနေပြည်သူများနှင့် မြေနိမ့်ဒေသများတွင် နေထိုင်သူများအနေဖြင့် ရေဘေးနှင့်ပတ်သက်၍ သတိထားသင့်ကြောင်း သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်-၉)

## ပလတ်စတစ်အိတ် မသုံးစွဲရေးသတ်မှတ် ဆောင်ရွက်

**မင်းဘူး ဇူလိုင် ၁၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု) မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပလတ်စတစ်ပစ္စည်းများ အလွန်အကျွံသုံးစွဲခြင်းကြောင့် ကြုံတွေ့ရမည့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအန္တရာယ်များ လျော့နည်းစေရေးအတွက် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများသိရှိစေရန် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီခွဲက မင်းဘူးမြို့၊ မြို့မဈေးကြီး၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များနှင့် ပူးပေါင်းပြီး မင်းဘူးမြို့၊ မြို့မဈေးကြီးနှင့် ပုံကျဈေး အတွင်း၊အပြင်ရှိ ဈေးရောင်း၊ ဈေးဝယ် ပြည်သူများနှင့် တွေ့ဆုံ၍ ဈေးရောင်းချရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို ဆိုးကျိုးဖြစ်စေသည့် ပလတ်စတစ်ပစ္စည်းများကို သုံးစွဲခြင်း မပြုရန်နှင့် ပလတ်စတစ် အစားထိုး ပစ္စည်းများဖြစ်သည့် ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူတို့ဖြင့်သာ ထုပ်ပိုးရောင်းချကြရန်၊ ပြည်သူများအနေဖြင့် အစားအစာ ဘေးကင်းလုံခြုံရေးအတွက် သန့်ရှင်းလတ်ဆတ်သော အသား၊ ငါး၊ အသီးအရွက်နှင့် စားသောက်ကုန်ပစ္စည်းများကို စနစ်တကျ ရောင်းချကြရန်နှင့် ဈေးဆိုင်ခန်းများဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် အလေးထားဆောင်ရွက်ရန်တို့ကို ပြောကြားကာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(၅၀၄)

# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ



## အဆီပိုကင်းပြီး ကျန်းမာစွာ ကိုယ်အလေးချိန်တက်ဖို့ ကူညီပေးမယ့် အစားအသောက်များ

အစားတွေ ဘယ်လောက်စားစား ကိုယ်အလေးချိန် မတက်လာလို့ စိတ်ညစ်နေတယ်ဆိုရင် ကိုယ်အလေးချိန်တက်စေဖို့အတွက် ဆီကြော်စာ၊ အချိုရည်၊ အချိုပွဲ၊ ဖျော်ရည်၊ အဆီနဲ့ ကယ်လိုရီများလွန်းတဲ့အစားအစာတွေကို အများကြီးစားတာက ကိုယ်အလေးချိန် တက်လာတာမှန်ပေမယ့် အဆီတွေ တက်လာပြီး ကျန်းမာရေးနဲ့လည်း မညီညွတ်ပါဘူး။ ကျန်းမာစွာနဲ့ ကိုယ်အလေးချိန် တက်လာအောင် အာဟာရပြည့်တဲ့ အစားအစာတွေကို နေ့စဉ်ဘယ်လိုတွဲဖက်စားသုံးရမလဲဆိုတာကို ဖော်ပြပေးလိုက်ပါတယ်။

(၁) နံနက်စာအတွက် ပေါင်မုန့်ထောပတ်သုပ်ကို ပျားရည်ဆမ်းပြီး ချောကလက်ပူပူတစ်ခွက်၊ သစ်သီးပန်းကန်တစ်လုံးတို့ကို စားသုံးပေးပါ။ နေ့လယ်စာကိုတော့ ထမင်းနည်းနည်းကို ပရိုတင်းဓာတ်များတဲ့ အသားဟင်းတစ်ခွက်၊ ဗီတာမင်ဓာတ်ကြွယ်ဝတဲ့ ဟင်းရွက်ကြော်တစ်ခွက်၊ အာလူးဟင်းနဲ့ စားပေးပါ၊ ညစာကိုတော့ ထမင်းနည်းနည်း၊ ဟင်းရွက်ကြော် နှစ်ခွက်စာ၊ အသားဟင်းအနည်းငယ်ကို စားသုံးပါ။

(၂) နံနက်စာအတွက် ဟင်းသီးဟင်းရွက်မျိုးစုံ၊ ကြက်သား(သို့) ပင်လယ်စာတို့နဲ့ချက်ထားတဲ့ ဆန်ပြုတ်တစ်ခွက်စားပြီး ငှက်ပျောသီးတစ်လုံး(သို့) ဘလူးဘယ်ရီ(သို့) စတော်ဘယ်ရီ စားသုံးပေးလိုက်ပါ။

နေ့လယ်စာကိုတော့ ကြက်ဥပြုတ် နှစ်လုံး၊ ထောပတ်သီးပန်းကန်လုံး တစ်လုံးစာ၊ ချိစ်အနည်းငယ်၊ ဟင်းရွက်သုပ် ပန်းကန်လုံး တစ်လုံးစာ၊ သစ်သီးဖျော်ရည်တစ်ခွက်တို့ကို စားသုံးပေးပါ။ ညစာကိုတော့ ငါးကင် တစ်ကောင်၊ ဟင်းသီးဟင်းရွက်ကြော်တစ်ခွက် စားသုံးပေးပါ။ အချိုတည်ချင်ရင်တော့ သစ်သီးရေခဲမုန့်ကို စားသုံးနိုင်ပါတယ်။

(၃) နံနက်စာအတွက် ကြက်ဥကြော်တစ်ခွက်၊ နွားနို့ပူပူ(သို့) ချောကလက်ပူပူ(သို့) အသီးဖျော်ရည် တစ်မျိုးမျိုးစားပါ။ နေ့လယ်စာကိုတော့ ဟင်းရွက်သုပ် တစ်ခွက်၊ ကြက်စွပ်ပြုတ် တစ်ခွက်(သို့) အမဲစွပ်ပြုတ် တစ်ခွက်၊ ဒိန်ချဉ်နဲ့ သစ်သီးအရောအနှောတစ်ပွဲတို့ကို စားသုံးပေးလိုက်ပါ။

ညစာကိုလည်း ဟင်းရွက်စုံအသုပ် တစ်ပွဲ၊ ထမင်းအနည်းငယ်ကို ပရိုတင်းဓာတ်များတဲ့အသားဟင်း တစ်မျိုးနဲ့ ရောနှောစားသုံးလိုက်ပါ။

(၄) နံနက်စာအတွက် Cereal ကို နွားနို့(သို့)ဒိန်ချဉ်၊ သစ်သီး တစ်မျိုးမျိုးနဲ့ တွဲဖက်စားသုံးနိုင်ပါတယ်။ နေ့လယ်စာကို ကြက်သားခေါက်ဆွဲကြော်(သို့)ကြာဇံကြော်ကို စားသုံးနိုင်ပါတယ်။ ညစာကိုတော့ ဟင်းရွက်သုပ်နှစ်ခွက် စားသုံးပေးပါ။ အချိုပွဲကိုတော့ သစ်သီး(သို့)ဒိန်ချဉ်ကို စားသုံးနိုင်ပါတယ်။

**Daisy**






## အုန်းနို့ကရတဲ့ ကျန်းမာရေးအတွက် ကောင်းကျိုးများ

အုန်းနို့ဟာ နွားနို့လိုပဲ အရသာရှိပြီး သဘာဝကရတဲ့ နို့တစ်မျိုးဖြစ်ပါတယ်။ အုန်းနို့ကို ဟင်းနဲ့ မုန့် ပြုလုပ်တဲ့နေရာမှာ အသုံးပြုလေ့ရှိကြပြီး အစားအစာတွေကို အရသာကောင်းမွန်စေပါတယ်။ ဒါပေမဲ့ လူအများက အုန်းနို့ဟာ အရသာကောင်းပေမယ့် ကျန်းမာရေးအတွက် မကောင်းဘူးလို့ အထင်မှားနေကြပါတယ်။ တကယ်တမ်း အုန်းနို့မှာ ကျန်းမာရေးအတွက် အာဟာရဓာတ်များစွာ ပါဝင်ပါတယ်။ အုန်းနို့ဟာ တခြားသော သဘာဝအပင်နို့တွေထက် အဆီပိုများပေမယ့် သူ့မှာပါတဲ့ Lauric Acid အပါအဝင် Medium-Chain Fatty Acid နဲ့ ဗီတာမင်ဓာတ်များစွာပါဝင်ပြီး အရေပြားကျန်းမာရေးအတွက် များစွာအကျိုးပြုပါတယ်။

အုန်းနို့ရဲ့အရသာက နွားနို့နဲ့ အရသာဆင်တူလို့ သက်သတ်လွတ်စားသူများအတွက် နွားနို့အစား အစားထိုးစားသုံးနိုင်တဲ့ နို့တစ်မျိုး ဖြစ်ပါတယ်။ အုန်းနို့မှာ Mo-nolaurin ပါဝင်ပါတယ်။

အုန်းနို့မှာ အဆီပါဝင်မှုမြင့်မား၍ အဆာခံပြီး ဗိုက်ပြည့်စေတာကြောင့် အစာစားချင်စိတ်ကို လျှော့ချပေးတာကြောင့် ကိုယ်အလေးချိန်လျှော့ကျစေနိုင်တဲ့အတွက် သင့်တော်ပါတယ်။

**Daisy**

## စမတ်ကျပြီး လှပစေမယ့် ကိုရီးယားစတိုင်လ် ရုံးတက်ဖက်ရှင်များ

ရုံးတက်နေရတဲ့ မိန်းကလေးအတွက် နေ့စဉ်ရင်ဆိုင်ရတာက ဘယ်လိုအဝတ်အစားကို ဝတ်ရမလဲဆိုတာပါပဲ။ ကိုရီးယားဇာတ်ကားတွေထဲက ကုမ္ပဏီရုံးတက်တဲ့ ဖက်ရှင်တွေဟာ ရိုးရှင်းပြီး စမတ်ကျတာကြောင့် ကိုရီးယားစတိုင်လ် ရုံးတက်ဖက်ရှင်တွေကို ဘယ်လိုတွဲဖက်ဝတ်ဆင်ရမလဲဆိုတာ ပုံနဲ့တကွ ဖော်ပြပေးလိုက်ပါတယ်။

ကိုရီးယားဖက်ရှင်တွေဟာ အရောင်ဖျော့တာလေးတွေကို ရွေးချယ်ဝတ်ဆင်တတ်ကြပြီး မိတ်ကပ်ကိုလည်း သဘာဝအတိုင်း လှပတဲ့ပုံစံမျိုးကို လိမ်းခြယ်လေ့ရှိကြပါတယ်။ ဆံပင်ကို သပ်သပ်ရပ်ရပ်နဲ့ ပြင်ဆင်ထားတာကလည်း Korea Office Wear ဖက်ရှင်တစ်မျိုးပါပဲ။

**Daisy**



## မျက်လုံးအောက် Concealer လိမ်းတဲ့အခါ အပုံလိုက်မဖြစ်စေဘဲ အသားအရေနဲ့တစ်ထပ်တည်းကျစေမယ့် လိမ်းနည်း

Concealer ဆိုတာ မျက်နှာပေါ်က အမည်းစက်၊ အပြစ်အနာအဆာတွေနဲ့ မျက်ကွင်းညိုတာတွေကို ဖုံးအုပ်ရန်အတွက် အလွန်အသုံးဝင်တဲ့အရာ ဖြစ်ပါတယ်။ Concealer အသုံးပြုတဲ့အခါမှာ အရောင်ရွေးမမှားဖို့နဲ့ လိမ်းခြယ်နည်းမှန်ကန်ဖို့က အရေးကြီးပါတယ်။ အသုံးပြုနည်း မမှန်ကန်ဘူးဆိုရင် အပြစ်အနာအဆာတွေကို မဖုံးအုပ်ပေးနိုင်တော့တဲ့အပြင် လိမ်းခြယ်ထားတဲ့ မိတ်ကပ်အလှကိုပါ ပျက်စီးသွားစေနိုင်ပါတယ်။ မျက်ကွင်းညိုတာ ဖုံးဖို့အတွက် Concealer လိမ်းတဲ့အခါမှာ လိမ်းပုံလိမ်းနည်းမှားနေရင် မျက်လုံးအောက်နားမှာ လိမ်းထားတဲ့ Concealer တွေက အပုံလိုက်ဖြစ်ပြီး တွန့်နေတဲ့ပုံစံနဲ့ အကြောင်းလိုက်ဖြစ်နေတဲ့ ပုံစံမျိုးဖြစ်တတ်ပါတယ်။ အဲ့ဒီလိုတွေမဖြစ်ရအောင် မျက်လုံးအောက်ကို Concealer လိမ်းတဲ့အခါ အသားအရေနဲ့တစ်ထပ်တည်းကျအောင် လိမ်းရမယ့်နည်းလမ်းကို မျှဝေပေးလိုက်ပါတယ်။

မျက်လုံးအောက် Concealer လိမ်းတဲ့အခါ အသားအရေနဲ့တစ်ထပ်တည်းကျအောင် မျက်လုံးတစ်ဝိုက် ရေဓာတ်ပြည့်ဝနေဖို့ လိုအပ်ပါတယ်။ ဒါကြောင့် Skincare ကို သေချာလိမ်းပါ။ မျက်လုံးအောက်ကို Eyecream သေချာလိမ်းပေးပါ။

အသားထဲစိမ့်ဝင်အောင် Eyecream ကို သေချာလိမ်းပေးပြီးမှသာ Concealer ကို လိမ်းရပါမယ်။ မျက်လုံးအောက်နားအသားအရေက ခြောက်သွေ့ပြီး ရေဓာတ်ပြည့်ဝမှုမရှိရင် Concealer လိမ်းတဲ့အခါမှာ အသားအရေနဲ့ တစ်ထပ်တည်း မဖြစ်ဘဲ မိတ်ကပ်တွေအပုံလိုက်၊ အကြောင်းလိုက်တွေဖြစ်ပြီး တွန့်တာမျိုးတွေ ဖြစ်စေပါတယ်။ Concealer ကို ကိုယ့်အသားအရောင်နဲ့ ကိုက်ညီတာမျိုး၊ ကိုယ့်အသားအရေနဲ့ အဆင်ပြေတာမျိုးကို သေချာရွေးချယ်ပါ။ Concealer တွေ လိမ်းတဲ့အခါမှာ တစ်ခါတည်း အများကြီးမသုံးဘဲ နည်းနည်းချင်းစီ ပါးပါးလေးပဲ အရင်လိမ်းပါ။ လိမ်းတဲ့အခါ လက်နဲ့ပွတ်ဆွဲပြီး လိမ်းတာမျိုး မလုပ်ဘဲ မိတ်ကပ်လိမ်းတဲ့ဖော့ (သို့) Brush နဲ့ သေချာလိမ်းတာမျိုးလုပ်ပေးရင် သိပ်သိပ်ညက်ညက်လေးဖြစ်ပြီး လိမ်းထားတဲ့ မိတ်ကပ်နဲ့တစ်သားတည်းဖြစ်စေပါတယ်။ Concealer လိမ်းပြီးရင် ပေါင်ဒါကို Brush နဲ့ဖြစ်ဖြစ် မိတ်ကပ်ဖော့နဲ့ပဲဖြစ်ဖြစ် ယူပြီးတော့ ပွတ်လိမ်းတာမျိုးမလုပ်ဘဲ ဖွဖွလေး လိမ်းပေးပါ။ နောက်ဆုံးမှာတော့ Setting Spray ဖျန်းလိုက်ပါ။ ဒါဆိုရင်တော့ လိမ်းထားတာက တွန့်တာမျိုး၊ အပုံလိုက်အကြောင်း လိုက်ဖြစ်တာမျိုးမရှိတော့ဘဲ မိတ်ကပ်၊ အသားအရေနဲ့တစ်ထပ်တည်းကျပြီး လှပသွားမှာပါ။

**Daisy**



# ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရေဘေးသင့်ပြည်သူများအား ကူညီရွှေ့ပြောင်းပေး



**ကံမ ဇူလိုင် ၁၅**

မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ဧရာဝတီမြစ်ကမ်းဘေးနှင့် မြေနိမ့်ပိုင်းများရှိ လူနေအိမ်များအတွင်း မြစ်ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မင်းနိုင်၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများက စဉ်ဆက်မပြတ် ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း၊ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ဘေးလွတ်ရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ ရေဘေးသင့်ပြည်သူများအတွက် ယာယီနေထိုင်မည့်နေရာ စီစဉ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ယမန်နေ့ညနေပိုင်းအထိ ကံမမြို့အမှတ်(၂)ရပ်ကွက် ကမ်းနားရပ် ဧရာဝတီမြစ်ကမ်းနံဘေးနှင့် မြေနိမ့်ပိုင်းများရှိ လူနေအိမ်များအတွင်း မြစ်ရေများ ဝင်ရောက်ခဲ့သဖြင့် အိမ်ထောင်စု ၅၈ စုမှ မိသားစုဝင် လူဦးရေ ၂၄၄ ဦးတို့အား ဘေးလွတ်ရာနေရာများသို့ ကူညီရွှေ့ပြောင်းပေး၍ ရေဘေးသင့်ပြည်သူများအတွက် ယာယီနေထိုင်မည့်နေရာများအား စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)ဇော်ထက်(သရက်)**

# အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ သဘာဝဘေးအန္တရာယ်အသိပညာပေး ဟောပြော

**နတ်မောက် ဇူလိုင် ၁၅**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနက သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှိုင်မိုးဝေက သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်ပြီး သဘာဝဘေးအန္တရာယ်ကိုးခုရှိကြောင်း၊ မိုးကြိုးဘေးအန္တရာယ်အကြောင်းအရာများ၊ မုန်တိုင်းဘေးနှင့် ပတ်သက်သည့် အရောင်ငါးမျိုးအကြောင်း၊ မိုးတွင်းကာလတွင် သတိထား နေထိုင်သင့်သည့် အကြောင်းအရာများ၊ မိုးလေဝသ သတိပေးအချက်အလက်များကို နားထောင်၍ မိသားစုဝင်များနှင့် အနီးအနားရှိ ပြည်သူများအား အသိပေးလိုက်နာနေထိုင်ကြရန်၊ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့လာပါက စည်းစည်းလုံးလုံး စုပေါင်းပိုင်းဝန်းဆောင်ရွက်တတ်စေရန် စသည့် အကြောင်းအရာများကို ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနဝန်ထမ်းများက တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများအား သဘာဝဘေးအန္တရာယ် အသိပညာပေး လက်ကမ်း စာစောင်များကို ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ) လှဝင်း**




ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့ပဲလေး


## စာကြည့်တိုက်သို့

* ကျောင်းသားလူငယ်တို့မောင်မယ်
စာဖတ်ကြစို့ကွယ်။

* စာကြည့်တိုက်ဝယ်စုံလင်ဘိ
စာအုပ်များစွာရှိ။

* အသိပညာတိုးပွားအောင်
စာပေလမ်းပြဆောင်။

* ရသသုတစုံလင်စွာ
စာကြည့်တိုက်မှာရှိနေတာ။

* မနေးအမြန်လိုက်လို့ပို့
စာကြည့်တိုက်ကိုသွားကြစို့။

* သွားစို့အခု နောင်အမြန်မနေး
စာကြည့်တိုက်သို့လေး ။ ။

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**

# အိမ်တွင်းဝင်ငွေတိုး လုပ်ငန်းအကြောင်း ဟောပြောပွဲကျင်းပ

**မန္တလေး ဇူလိုင် ၁၅**

မန္တလေး ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးခရိုင် ပြည်သူ့စာကြည့်တိုက်တွင် ယနေ့ နံနက် ၁၀နာရီခွဲက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ အိမ်တွင်းဝင်ငွေတိုးလုပ်ငန်း အကြောင်း ဟောပြောပွဲ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မန္တလေးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်ပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မူမူဆန်းက အိမ်တွင်းဝင်ငွေတိုးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဟောပြောဆွေးနွေးရာ တက်ရောက်လာသူများကလည်း အသီးသီး အပြန်အလှန် ဆွေးနွေးကြသည်။

ယင်းဟောပြောပွဲကို မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**ဇင်မင်းမောင်**

ဝ-ဝ-ဝ-ဝ-ဝ






# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် စွမ်းရည်မြှင့်ပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဇူလိုင် ၁၅**

ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် အတွက် ရည်ရွယ်၍ စွမ်းရည်မြှင့် ပြိုင်ပွဲများကို မန္တလေး ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ Community Center အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများ တိုးပွားစေရန်နှင့် ဉာဏ်ရည်မြှင့်မားစေရန်အတွက် စွမ်းရည်မြှင့်ပြိုင်ပွဲများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဆောင်၍ စဉ်ဆက်မပြက် ပြိုင်ပွဲများကို ကျင်းပလျက်ရှိသည်။

ယနေ့ နံနက်ပိုင်းတွင် ကျင်းပသော ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများကို အမှတ်(၃၁)အခြေခံပညာမူလတန်း ကျောင်းသား၊ ကျောင်းသူများက အသီးသီး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**(ယာပုံ)**

**ချမ်းမြေ့မောင်**

*-*-*-*-*-*-*

# မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးခဲ့သော မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရန် ငွေများနှင့် စိန်ဖူးတော်ချိတ်ဆွဲရန် ရွှေခေါင်းလောင်းလှူဒါန်း



**မန္တလေး ဇူလိုင် ၁၅**

မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဘက်စုံပြုပြင်ရန် အနယ်နယ်အရပ်ရပ်မှ ငွေများ လာရောက်လှူဒါန်းလျက်ရှိရာ ဇူလိုင် ၁၃ ရက်က ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ဈေးတန်းနေ ဒေါ်ခင်မြင့်မိသားစုက ငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်၊ မြဝတီမင်းကြီးလမ်းနှင့် ၆၄(အေ)လမ်းထောင့်နေ ကိုကျော်မင်းဌေး+မခင်ဆွေဆွေထွန်း မိသားစုက ငွေကျပ်သိန်း ၄၀ တန်ဖိုးရှိ Grounting Cement အိတ် ၅၀ ကိုလည်းကောင်း၊ ရန်ကုန်မြို့နေ ကိုအောင်မြတ်က မွေးနေ့အလှူငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ဦးအောင်ထွေး+ဒေါ်အေးဥမိသားစုက ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ကျောင်းကုန်းမြို့နေ ဦးမြင့်ရှိန်+ဒေါ်အန်းကူမိသားစုက ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ အောင်မြေသာစံမြို့နယ်၊ နန်းရှေ့နေ ဦးခင်မောင်ရွှေ+ဒေါ်မေမြင့်မိသားစုက ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူးဦးဝေဇင်ထွန်း+ဒေါ်မိမိစိုး မိသားစုက မဟာမုနိဘုရားကြီး စိန်ဖူးတော်ချိတ်ဆွဲရန် အလေးချိန် ၄ ကျပ်၊ ၆ ဒသမ ၅ရွေးရှိ ရွှေခေါင်းလောင်းတို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။

မဟာမုနိဘုရားကြီးကျောင်းတော်ကြီးပြုပြင်ရန်၊ ပြတိုက်များပြင်ဆင်ရန်၊ စောင်းတန်းများပြုပြင်ရန်၊ မုခ်ဦးပြာသာဒ်များပြုပြင်ရန်နှင့် ဘက်စုံပြုပြင်ရန်အတွက် အလှူငွေ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZ Bank ငွေစာရင်းအမှတ် ၀၈၇ ၃၀၂၀၆၁၀၀၄၄၉၁၀၁ နှင့် UAB ဘဏ်ငွေစာရင်းအမှတ် ၀၁၇၁၃၀ ၁၀၀၀၁၂၂၅၉နှင့် နိုင်ငံခြားငွေစာရင်းအမှတ် ၀၁၇၀၁၂၁၀၀၀ ၀၀၇၅၀နှင့်ဖုန်း-၀၉-၄၄၄၀ ၄၄၄၇၅၊၀၉-၄၀၂၅၉၉၉၁၃၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

(၀၄၅)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်းရှိ စီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် ရန်ကုန်မြို့နေ မဖူးမွံ့ကို (၃၁)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ် Golde By Co Gems & Jewellery မှ ဆွမ်းအလှူငွေကျပ် ငါးသိန်းကို ယမန်နေ့က လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် ဆေးရုံအုပ်ဒေါက်တာ ဦးတင်ဝင်းတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (ကဆ)





# ကိုးပင်မူလတန်းကြိုကျောင်းတွင် ဝါဆိုသင်္ကန်း၊ ဝါဆိုပန်းများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**ဆင်ပေါင်ဝဲ ဇူလိုင် ၁၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန၊ ကိုးပင် မူလတန်းကြိုကျောင်း (၃)ကြိမ်မြောက် ဝါဆိုသင်္ကန်း၊ ဝါဆိုပန်းများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၉ နာရီက ဝေဠုဝန်မစိုးရိမ်ကျောင်းတိုက်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော်များနှင့် ဆရာ၊ ဆရာမများ၊ သားငယ်သမီးငယ်များ၊ မိဘများက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ကြပြီး ဝေဠုဝန်မစိုးရိမ်ကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ကိုးပင်မူလတန်းကြိုကျောင်းမှ ဆရာ၊ ဆရာမများ၊ သားငယ်သမီးငယ်များ၊ မိဘများနှင့်အတူ ဝါဆိုသင်္ကန်း၊ ဝါဆိုပန်းများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းဖွယ်အစုစုအတွက် ရေစက်သွန်းချအမျှအတန်းပေးဝေခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# ဝါဆိုသင်္ကန်းနှင့် ဝါဆိုဆွမ်းဆန်အိတ်များ ပေးအပ်လှူဒါန်း

**မန္တလေး ဇူလိုင် ၁၅**

မန္တလေး တောင်စလင်းတိုက်သစ် ဘာဝနာဌာန ပဓာန နာယကဆရာတော် နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသဆရာတော်ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် နာယကဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဆောင်သည့် အသင်းချုပ်ရုံး (မန္တလေး)သို့ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်နေ အလှူရှင် ဦးညီဝင်းအောင်အား ရည်စူး၍ ဇနီး ဒေါ်စန်းစန်းကျော်(သား)ကိုမြတ်သန်းလင်း၊ (ဇနီး) မစိုးစိုးဝင်း၊ (မြေး)မောင်ဘုန်းမြင့်မြတ် မိသားစုက စုပေါင်း၍ သင်္ကန်းသုံးစုံကို ယမန်နေ့က လာရောက်လှူဒါန်းရာ မန္တလေး(ရုံး) အသင်းဥက္ကဋ္ဌ ဦးလှဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။ **(အောက်ယာပုံ)**

အလားတူ မန္တလေးမြို့နေ အလှူရှင် ဦးကီစိန်+ဒေါ်ကြူဝါက သင်္ကန်း တစ်စုံ၊ မန္တလေး၊ ချမ်းမြသာစည်မြို့နယ်နေ အလှူရှင် ဒေါ်ခင်နှင်းအား ရည်စူး၍ ဦးမြင့်အောင် မိသားစုက သင်္ကန်းတစ်ခြင်းနှင့် ဆေးပါတစ်ခြင်း၊ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်နေ ဒေါ်ခင်လှသိန်းက သင်္ကန်းတစ်စုံနှင့် ဆွမ်း ဆန်တစ်အိတ်၊ ရန်ကုန်မြို့နေ အလှူရှင် ဦးသက်အောင်မိသားစုက ဆွမ်းဆန်တစ်အိတ်၊ မန္တလေး၊ ဈေးချိုအိုင်ရုံ၊ ၁၀/၂၆မှ ဒေါ်ချိုချိုဟိန်းနှင့် မြမြင့်မိုရ်အထည်ဆိုင် နှစ်နှစ်ပြည့်တို့အား ရည်စူး၍ ဝါဆို ဆွမ်းဆန်တစ်အိတ်၊ မန္တလေးမြို့နေ အလှူရှင် ဒေါ်ခင်မေစီ၊ ဒေါ်သန်းသန်းမြင့် ငွေအိုးစည်ဖိနပ်လုပ်ငန်း(ရတနာစတိုး)မိသားစုက ဆွမ်းဆန်အိတ်နှစ်အိတ်တို့ကို အသီးသီးလှူဒါန်းကြသည်။

အလှူရှင်များအနေဖြင့် လှူဒါန်းကုသိုလ်ပြုလိုပါက ဝါဆိုသင်္ကန်းတစ်စုံလျှင် ငွေကျပ် သုံးသောင်း၊ ဆွမ်းဆန်တစ်အိတ်လျှင် ငွေကျပ် တစ်သိန်းဖြင့် လှူဒါန်းနိုင်သည်။ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၉၂၅၂၂၊ ၀၉-၄၄၂၀၇၄၄၆၆ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၄၉)

၀-၀-၀-၀-၀-၀-၀

# သက်ကြီးဘိုးဘွားများအတွက် စားသောက်ရေး အဆင်ပြေစေရန် ဆန်နှင့် ကြက်ဥ ထောက်ပံ့လှူဒါန်း



**ညောင်ဦး ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံမြို့သစ် ရွှေတွင်းရပ်ကွက်ရှိ အသက်(၇၀)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအတွက် စားသောက်ရေး အဆင်ပြေစေရန် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့က ဆန်နှင့် ကြက်ဥများ သွားရောက်ထောက်ပံ့လှူဒါန်းခဲ့သည်။ **(ဝဲပုံ)**

ထိုသို့ ထောက်ပံ့လှူဒါန်းရာတွင် ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့မှ ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတအဖွဲ့ဝင်များက ညောင်ဦးမြို့နယ် ပုဂံမြို့သစ် ရွှေတွင်းရပ်ကွက်ရှိ အသက်(၇၀)နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ရှစ်ဦးအား တစ်ဦးလျှင် ဆန်နှစ်ပြည်နှင့် ကြက်ဥကိုးလုံးစီကို အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့လှူဒါန်းပေးခဲ့သည်။

အလားတူ ပုဂံမြို့ဟောင်း မြေဘုံသာဘုရားလှစေတီအနီးရှိ ဈေးသည် ၃၆ ဦးအား စားသောက်ရေး အဆင်ပြေစေရန် တစ်ဦးလျှင် ဆန်တစ်ပြည်စီ သွားရောက်ထောက်ပံ့လှူဒါန်းပေးခဲ့သည်။

ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့က စေတနာအလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ပုဂံ ညောင်ဦးဒေသရှိ သက်ကြီးဘိုးဘွားများ အပါအဝင် ဝင်ငွေနည်းအိမ်ထောင်စုများကို စားဝတ်နေရေး အဆင်ပြေစေရန်အတွက် အခြေခံစားသောက်ကုန် ဆန်၊ ဆီနှင့် ကြက်ဥများ ထောက်ပံ့လှူဒါန်းခြင်း၊ ဆေးဝါးနှင့် အာဟာရဖြည့်စွက်စာ စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးခြင်းနှင့် အလှူငွေများ ထောက်ပံ့ပေးခြင်းတို့ကို လစဉ် ထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း အဆိုပါ ပရဟိတအဖွဲ့ အဖွဲ့ဝင် ဦးဝင်းမင်းထွန်းက ပြောသည်။




(၄၄၅)

# ကြိုတင်သတိပြုဖွယ် ဆူနာမီ ငလျင်ရေလှိုင်းကြီးများ အန္တရာယ်

ယခုရက်ပိုင်းအတွင်း ငလျင်လှုပ်ခတ်မှုများ နေ့စဉ်လိုလို တွေ့လာရ၏။ (၃-၇-၂၀၂၅)ရက် နံနက် ၇ နာရီ ၁၀ မိနစ် အချိန်တွင်လည်း ပြင်းအား(၄.၉ Magnitude)ဖြင့် လှုပ်ခတ်ခဲ့သည်မှာ အိမ်ထဲမှ လမ်းပေါ်ရောက်အောင် ထွက်ပြေးခဲ့ရသည်အထိ ကြောက်လန့်မိသည်။

Facebook စာမျက်နှာများတွင်လည်း ငလျင်သတင်းများကို ဦးစားပေးဖော်ပြနေကြ၏။ ထိုအထဲတွင် Kelvin Albert Power ဆိုသော သုတေသီတစ်ဦးက ၂၀၂၅ ဇူလိုင်လအတွင်း ရေအောက် မီးတောင်ကြီးများ ပေါက်ကွဲပြီး ငလျင်လှုပ်ခတ်ကာ ဆူနာမီ ရေလှိုင်းကြီးများဖြစ်ပေါ်လာနိုင်မည့် နေရာနှစ်ခု ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ပထမတစ်ခုမှာ ဂျပန်နိုင်ငံတောင်ပိုင်း ပစိဖိတ်သမုဒ္ဒရာအတွင်းတွင် လွန်ခဲ့သော ၄၈ နာရီအတွင်း ဂျပန်ကျွန်းတောင်ဘက် ပစိဖိတ်သမုဒ္ဒရာထဲရှိ တစ်နေရာထဲ၌ ငလျင်ငယ်ပေါင်း (200+) လှုပ်ခတ်ခဲ့ခြင်းကြောင့် ထိုနေရာတွင်ရှိသည့် မီးတောင်ကြီးများ ပေါက်ကွဲနိုင်ပြီး ပြင်းအား (9 +) ထက်ပိုသော ငလျင်ကြီးများ ဖြစ်ပေါ်နိုင်ကာ ဆူနာမီငလျင်ရေလှိုင်းကြီးများဖြစ်ပေါ်နိုင်ကြောင်း ဖော်ပြထားသည်။

ဒုတိယစိုးရိမ်ဖွယ်နေရာမှာ မြန်မာနိုင်ငံတောင်ပိုင်း ကပ္ပလီပင်လယ်ပြင်ထဲတွင် Earthquake Clusters, Earthquake Swams များ မြောက်မြားစွာ လှုပ်ခတ်နေသော ရှေ့ပြေးလက္ခဏာများ တွေ့ရကြောင်း၊ လွန်ခဲ့သော ၄၈ နာရီအတွင်း ထိုနေရာတစ်ခုတည်းမှာပင် ငလျင်ငယ်ပေါင်း တစ်ဒါဇင်ခန့် လှုပ်ခတ်သွားသောကြောင့် ထိုနေရာရှိ မီးတောင်ကြီးများ ပေါက်ကွဲနိုင်ပြီး (8 + or 9 +)ထက်ပိုကြီးသော ငလျင်ဖြစ်ပေါ်လာနိုင်သောကြောင့် ဆူနာမီငလျင်ရေလှိုင်းကြီးများ၏ အန္တရာယ်ကို သတိပေးထားသည်ကို တွေ့ရ၏။ ထိုသုတေသီမှ မြန်မာနိုင်ငံဘက်တွင် ဦးစွာဖြစ်လာနိုင်သည်(သို့မဟုတ်)ဂျပန်နိုင်ငံဘက်တွင် ဦးစွာဖြစ်လာနိုင်သည်ကို သေချာမပြောနိုင်၍ ထိုနေရာနှစ်ခုစလုံးတွင် ဆူနာမီရှေ့ပြေးလက္ခဏာအခြေအနေများကြောင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်ကြောင်း ဖော်ပြထားသည်။

**ဆူနာမီ ဆိုသည်မှာ**

အင်္ဂလိပ်ဘာသာဖြင့် (Tsumani)၊ ဂျပန်ဘာသာအားဖြင့် (Tsu'.na.mi/;)ဟု ခေါ်ဆိုပြီး အဓိပ္ပာယ်မှာ သမုဒ္ဒရာတစ်ခု (သို့မဟုတ်) ကြီးမားသောရေအိုင်တစ်ခုကဲ့သို့ ထုထည်ကြီးမားသည့် ရေအစုအဝေးရွေ့လျားမှုကြောင့် ဖြစ်ပေါ်လာသော ရေလှိုင်းအတွဲဟု အဓိပ္ပာယ်ရသည်။ ဘူမိဗေဒ၊ ပထဝီဝင်၊ အဏ္ဏဝါဗေဒဆိုင်ရာ အစောပိုင်း စာအုပ်စာတမ်းများ၌ ဆူနာမီကို "ငလျင်လှုပ်ခတ်သော ပင်လယ်လှိုင်းများ" ဟု ရည်ညွှန်းကြသည်။

**ဆူနာမီဖြစ်ပေါ်လာပုံ**

သမုဒ္ဒရာ အောက်ကြမ်းပြင်ရှိ မြေထုချပ် (Plate Tectonics) အနားစွန်းများတစ်လျှောက် အလွန်ပြင်းထန်သည့် အင်အားကြီး ငလျင်လှုပ်ခတ်မှုဖြစ်ပေါ်လာသော သမုဒ္ဒရာ ရေလှိုင်းကြီးများ အရှိန်ကြီးမားစွာ ရွေ့လျားလာခြင်းကြောင့် ဆူနာမီဖြစ်ပေါ်လာရသည်။ ထို့အပြင် ရေအောက်မီးတောင်ပေါက်ကွဲခြင်းနှင့် မြေပြိုခြင်းများကြောင့်လည်း ဆူနာမီများ ဖြစ်ပေါ်နိုင်သည်။

ဂရိလူမျိုး သမိုင်းပညာရှင် သူဆင်ဒိုက် (Thucydides) သည် ဆူနာမီမုန်တိုင်းကြီးများ ဖြစ်ပေါ်လာရခြင်းမှာ ရေအောက်ကြမ်းပြင်ရှိ မြေငလျင်လှုပ်ရှားခြင်းနှင့် ဆက်စပ်နေသည်ဟု ပထမဦးဆုံး ပြောဆိုခဲ့သူဖြစ်သည်။ လေဖိအားနည်း ရပ်ဝန်းကဲ့သို့သော အပူပိုင်းမုန်တိုင်းကြီးများကို ဖြစ်ပေါ်စေသော အချို့သော မိုးလေဝသအခြေအနေများသည် မက်တီအိုဆူနာမီ (Meteotsunami) ဟု ခေါ်သော တစ်ရှိန်ထိုး ပြင်းထန်သော မုန်တိုင်းများကို ဖြစ်ပေါ်စေကာ ဒီရေကို သာမန်ထက် မီတာတော်တော်များများ မြင့်တက်စေနိုင်သည်။ လေဖိအားနည်းရပ်ဝန်း ဗဟိုရှိရာသို့ အစားထိုးဝင်ရောက်သောအခါ လှိုင်းလုံးကြီးများသည် ကမ်းခြေအထိ ရွေ့လျားလာပြီး မြေဧရိယာအတော်များများကို ရေလွှမ်းမိုးနိုင်သည်။ ထိုကဲ့သို့ မက်တီအိုဆူနာမီလှိုင်းလုံးကြီးမျိုးသည် ၂၀၀၈ ခုနှစ်၊ မေလ၌ မြန်မာနိုင်ငံတွင် ကျရောက်ခဲ့ဖူးသည်။



**ဆူနာမီ၏ ပြင်းအားနှင့် ပမာဏ**

ဆူနာမီကိုဖြစ်စေသော အကြောင်းရင်းလေးခုရှိ၏။ ထိုအကြောင်းရင်းများမှာ ပင်လယ်အောက် ကြမ်းပြင်တွင်

(၁) ငလျင်လှုပ်ခြင်း

(၂) မြေပြိုခြင်း

(၃) မီးတောင်ပေါက်ကွဲခြင်း

(၄) ဥက္ကာပျံခဲများ ကျရောက်ခြင်းတို့ဖြစ်ပြီး ထိုအကြောင်းရင်းများအနက် ၉၅ ရာခိုင်နှုန်းမှာ ပင်လယ်ရေအောက်ကြမ်းပြင်တွင် မြေထုချပ် အနားစွန်းတစ်လျှောက် အလွန်ပြင်းထန်အင်အားကြီးမားသော ငလျင်လှုပ်ခတ်ခြင်းကြောင့် ဖြစ်သည်။ ထိုသို့ အခြေအနေမျိုးတွင် ဆူနာမီသည် သမုဒ္ဒရာအတွင်း စတင်ဖြစ်ပေါ်ပြီး အခြားသော သမုဒ္ဒရာရေ ဒီရေလှိုင်းများနှင့် နှိုင်းယှဉ်လျှင် အလွန်မြန်စွာ ရွေ့လျားသော လှိုင်းဖြစ်၏။ ဆူနာမီများ၏ ရေပြင်ညီအတိုင်း ရွေ့လျားနှုန်းသည် တစ်နာရီလျှင် ၈၀၀ ကီလိုမီတာမိုင်အားဖြင့် ၄၉၆ ဒသမ ၈ မိုင်နှုန်းဖြင့် အလွန်လျင်မြန်စွာ သမုဒ္ဒရာရေပြင်ကျယ်ကို ဖြတ်သန်းနိုင်သည်။ လှိုင်းထိပ်နှစ်ခုအကွာအဝေး (လှိုင်းအလျား)မှာ မိုင် ၆၀ မှ ၁၂၀ အထိ ရှိတတ်သည်။ လှိုင်းအမြင့် (လှိုင်းလွှဲကျယ်)မှာ အစပထမတွင် ၁ ပေမှ ၂ ပေသာရှိ၍ မသိသာသော်လည်း ကမ်းခြေမရောက်မီ မိုင် ၂၀ မှ ၂၅ မိုင်ခန့်တွင် လှိုင်းကြီးများ စတင်ဖြစ်ပေါ်လာပြီး ကမ်းနှင့်နီးလာသည်နှင့်အမျှ လှိုင်းပိုမြင့်လာကာ ကမ်းခြေအရောက်တွင် လှိုင်းအမြင့်မှာ မီတာ ၃၀၊ ပေအားဖြင့် ၁၁၈ ပေကျော်အထိ မြင့်တက်သွားတတ်သည်။

ဆူနာမီ ဝင်ရောက်တိုက်ခတ်ခဲ့မှုများစုတွင် ပထမဦးဆုံး လက္ခဏာမှာ ရုတ်တရက် ပင်လယ်ရေများ ကျဆင်းသွားပြီး ပင်လယ်ကြမ်းပြင်ကို မြင်တွေ့ရခြင်းဖြစ်၏။ ကမ်းခြေနှင့် ဗဟိုချက် အကွာအဝေးကိုလိုက်၍ ကြာချိန်တစ်ခု ကုန်ဆုံးပြီးနောက် ပထမဆုံး ဆူနာမီလှိုင်း ကမ်းခြေသို့ စတင်ရိုက်ခတ်သည်။ ထို့နောက် ရေများ ပြန်ကျသွားပြီး မကြာခင်တွင် ဒုတိယလှိုင်း ရိုက်ခတ်၏။ ထိုသို့ဖြင့် တတိယ၊ စတုတ္ထနှင့် ပဥ္စမလှိုင်းရိုက်ချက်များတွင် ပျက်စီးဆုံးရှုံးမှု အများဆုံးကို ဖြစ်ပေါ်စေသည်။

ဆူနာမီဖြစ်စေနိုင်သော မည်သည့်ငလျင်ကိုမဆို ဆူနာမီရင်းမြစ်ငလျင် (Tsunami Genic Earthquake)ဟု ခေါ်ပြီး အဆိုပါ ရေလှိုင်းသည် ငလျင်ဖြစ်ပေါ်စေသော ပြတ်ရွေ့ကြောင်းတစ်လျှောက်နှင့် ထောင့်မှန်ကျလျက် ဆန့်ကျင်ဘက် ဦးတည်ရာနှစ်ဖက်သို့ ရွေ့လျားလေ့ရှိသည်။

**ခုနှစ်အလိုက်ဖြစ်ပွားခဲ့သော ဆူနာမီလှိုင်းများ**

ဆူနာမီလှိုင်းကြီးများကို လွန်ခဲ့သော နှစ်ပေါင်း ၈၀၀၀ ခန့်တွင် စတိုးဂါ (Storegga)

၁၉၂၉ တွင် ဂရန်းဘန့်(စ်) (Grand Banks)၊

၁၉၆၀ တွင် ဗာဒီးဗီးယားငလျင် (Vaidivia Earthquake)၊

၁၉၆၄ တွင် အလက်စကာမြေငလျင် (Alaska Earthquake)၊

၁၉၉၈ တွင် ပါပူအာနယူးဂီနီ(Papua New Guinea)၊

၂၀၀၁ တွင် တပ်ပင်(Tappin)၊

၂၀၀၄ တွင် အိန္ဒိယသမုဒ္ဒရာမြေငလျင် (Indian Ocean Earthquake) နှင့်

၂၀၀၈ တွင် နာဂစ်ဆူနာမီ (Nargis Tsunami)တို့ ဖြစ်သည်။

**ဆူနာမီကြောင့် ထိခိုက်ဆုံးရှုံးမှုများ**

ပစိဖိတ်သမုဒ္ဒရာသည် ဆူနာမီအများဆုံးဖြစ်ပေါ်သော သမုဒ္ဒရာဖြစ်၏။ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ အတွင်း ဆူနာမီအကြိမ် ၃၀၀ ကျော် ဖြစ်ခဲ့ရာ ဆူနာမီဒဏ် အခံရဆုံးနိုင်ငံများမှာ ဂျပန်၊ ပီရူး၊ ချီလီ၊ ဟာဝိုင်အီကျွန်းတို့ ဖြစ်သည်။ ဂျပန်နိုင်ငံသည် ၂၀၁၁ ခုနှစ်၊ မတ် ၁၁ ရက်က ဆန်ဒိုင်းဒေသတွင် ရိုက်ခတ်ခဲ့သော ဆူနာမီလှိုင်းကြောင့် ၁၅,၈၉၆ ဦး သေဆုံးခဲ့ပြီး၊ ၆,၁၅၇ ဦး ဒဏ်ရာရရှိရာ၊ ၂,၅၃၇ ဦးမှာ ပျောက်ဆုံးခဲ့သည်။

အတ္တလန္တိတ်သမုဒ္ဒရာတွင် နှစ်ပေါင်း ၂၅၀၀ အတွင်း အကြိမ် (၃၀)သာ လှုပ်ခတ်ခဲ့၏။ အိန္ဒိယသမုဒ္ဒရာတွင် ဆူနာမီဖြစ်ပေါ်မှုနည်းပါးခဲ့သော်လည်း ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက် နံနက် ၇ နာရီတွင် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့အနောက်ဘက် မိုင် ၁၅၀၀ ခန့်အကွာ ပင်လယ်ပြင်ဗဟိုပြု၍ ပြင်းအား (9.0)ဖြင့် လှုပ်ခတ်ခဲ့ရာ ထိုအိန္ဒိယသမုဒ္ဒရာ ဆူနာမီသည် သမိုင်းတစ်လျှောက်တွင် အသေအပျောက်အများဆုံး သဘာဝဘေးဒဏ်တစ်ခုဖြစ်ခဲ့၏။ လူပေါင်း ၃၀၀,၀၀၀ ခန့် သေဆုံးခဲ့ပြီး လူနှစ်သန်းကျော် အိုးမဲ့၊ အိမ်မဲ့ ဖြစ်ခဲ့ရသည်။

မြန်မာနိုင်ငံတွင် ဆူနာမီဒဏ်ခံရသော ဒေသများမှာ ရခိုင်ပြည်နယ်တွင် မြေပုံ၊ ကျောက်ဖြူ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ပြင်စလူ၊ လပွတ္တာ၊ ငပုတော၊ ဆိုင်းတောင်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ပုလုံးတုံးတုံးတို့ ဖြစ်သည်။

**ဆူနာမီအန္တရာယ်လျှော့ချရေး**

ဆူနာမီဖြစ်စေရန် အချက်လေးချက်နှင့်ပြည့်စုံရ၏။

(၁) ရေအောက်ငလျင် (Maritime Earthquake)ဖြစ်ရမည်။

(၂) ပြင်းအားမှာ အနည်းဆုံး(7 Richter Scale)ကျော်ရမည်။

(၃) ငလျင်ဗဟိုချက်သည် အောက်ခံမြေပြင်၏ အနက် ၈၀ ကီလိုမီတာ မကျော်သော တိမ်သောအနက် (Shallow Depth) ရှိရမည်။

(၄) မြေငလျင်ကြောင့် မြေတုန်ခါမှုသည် ဘေးတိုက်ရွေ့လျားမှု မဟုတ်ဘဲ အထက်အောက် (Vertical Displacement) အရွေ့ဖြစ်ရန်လိုသည်။ ထိုလေးချက်နှင့်ပြည့်စုံလျှင် ဆူနာမီရေလှိုင်းများ ဖြစ်ပေါ်လာမည် ဖြစ်သည်။

ဆူနာမီမကျရောက်မီ ရှေ့ပြေးလက္ခဏာများမှာ သမုဒ္ဒရာအတွင်း ကြီးမားသည့် ငလျင်လှုပ်ခြင်း၊ ပင်လယ်ကမ်းစပ်တွင် ရေမျက်နှာပြင် ရုတ်တရက် ထူးစွာဆုတ်ခွာကျဆင်း (ကမ်းစပ်မှ နှစ်မိုင်၊ သုံးမိုင်အထိ ရေကျသွားခြင်း)ပြီး ပင်လယ်ကြမ်းပြင်ပေါ်လာခြင်း၊ ပင်လယ်ရေအောက်နေသတ္တဝါများ ကမ်းစပ်သို့ စုပြုံရောက်ရှိလာခြင်း၊ ပင်လယ်မှ တော်လဲသံကဲ့သို့ အော်မြည်သံကြီးများ ကြားရခြင်းတို့ ဖြစ်သည်။ ထိုလက္ခဏာများကို သတိပြုမိပါက အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည် ဖြစ်သည်။

(၁) ပင်လယ်ကမ်းခြေမှ ကုန်းတွင်းမြင့်ပိုင်း အမြင့်ပေ ၅၀၀ အထက်မှသာ လုံခြုံနိုင်မည်။

(၂) လှေ၊ သင်္ဘောများအတွက် ကမ်းခြေထက် ပင်လယ်ထဲတွင် ပို၍ လုံခြုံမှုရှိနိုင်သည်။

(၃) ဆူနာမီလှိုင်းများသည် ဆက်တိုက်ဖြစ်ပေါ်လာတတ်သောကြောင့် အကာအကွယ်ယူထားသောနေရာမှ ရုတ်တရက် မထွက်ခွာသင့်ပေ။

ယနေ့အချိန်တွင် သိပ္ပံပညာရပ်များဖြင့် ဆူနာမီအန္တရာယ်ကို ကြိုတင်သိရှိနိုင်ပြီဖြစ်ရာ ဆူနာမီသတိပေးထုတ်ပြန်ချက်များကို အလေးထားလိုက်နာခြင်းကြောင့် ကြောက်မက်ဖွယ် သဘာဝဘေးဆိုးကြီးမှ လွတ်မြောက်နိုင်မည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ပါသည်။

**ကိုးကား** – **Grade - 9 သိပ္ပံစနစ်သစ်သင်ရိုး (အခန်း(၅) Natural Hazards)**

– **ဆူနာမီငလျင်ရေလှိုင်း (ဒေါက်တာ နိုင်နိုင်အေး ကထိက၊ ပထဝီဝင်)**

– **ဆူနာမီ ( /.m.Wikipedia.org.)**

ခိုင်ခန့်(အမရပူရ)

## အများသိစေရန် အသိပေးကြော်ငြာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၄၉၂-ဈ)၊ ဦးပိုင်အမှတ်(၁၁)၊ ဧရိယာ(၀ ဒသမ ၀၅၂၄)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးစိုင်းညီညီနိုင်(ဘ)ဦးစိုးနိုင်(၁၃/လလန(နိုင်)၀၄၃၁၃၂) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မှုမြင့် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်မြို့၊ သရက်ချောင်ရပ်ကွက်နေ ဒေါ်လှယမင်းမြတ်(ဘ)ဦးသက်နိုင် (၉/စကတ(နိုင်)၁၀၄၀၆၇)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ဘောဂဝတီရပ်ကွက်၊ ပေါက်တောရပ်၊ အကွက်အမှတ် (၁၃)၊ ဦးပိုင်အမှတ်(၇၄)၏ အစိတ်အပိုင်း ဦးမြကျော် အမည်ပေါက်အတွင်းရှိ ဦးထွန်းထွန်း ပိုင်ဆိုင်သည့် အိမ်အမှတ် (ဘဂ-၃၆၄)၊ တောင်-မြောက် ၁၅ ပေ၊ အရှေ့-အနောက် ၇၈ ပေ အကျယ်ရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ သုံးထပ် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးထွန်းထွန်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှယမင်းမြတ်က ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| ဦးရန်မျိုးအောင် (LL.B) | ဒေါ်အိရွှေစင်ဝင်း (LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်–၁၉၇၄၃) | အထက်တန်းရှေ့နေ(စဉ်–၅၄၈၂၈) |

**ရန်ကင်းသာယာ(၃)လမ်း၊ ရန်ကင်းသာယာရပ်ကွက်၊ ပုသိမ်ကြီးမြို့ ။**

## အကွက်အမှတ်(ဗ-၂၂)၊ ဦးပိုင်အမှတ်(၄၂-က)၊ ပေ(၁၀×၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၂)၊ ဦးပိုင်အမှတ်(၄၂-က)၊ ဧရိယာ(၀ ဒသမ ၀၀၆)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးကြည်လင် အမည်ဖြင့် ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ထိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်ခင်နန်းနိုင်(ဘ)ဦးဝင်းရွှေ(၁၃/ကခန(နိုင်)၀၆၀၈၃၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးစရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်မေ (LL.B) ဒေါ်ယဉ်ယဉ်ငွေ(LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**၅၇လမ်း၊ ၁၁၃လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## အကွက်အမှတ်(ဗ-၂၆)၊ ဦးပိုင်အမှတ်(၂၂/က-၁)၊ ပေ(၁၀×၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၆)၊ ဦးပိုင်အမှတ်(၂၂/က-၁)၊ ဧရိယာ(၀ ဒသမ ၀၀၆)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးမြင့်သိန်း အမည်ဖြင့် ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ထိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်တင်တင်အေး(ဘ)ဦးဟန်သိန်း(၉/မနတ(နိုင်)၀၃၁၈၄၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးစရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်မေ (LL.B) ဒေါ်ယဉ်ယဉ်ငွေ(LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**၅၇လမ်း၊ ၁၁၃လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၅)၊ ဦးပိုင်နံပါတ်(၄၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀ × ၆၀)အကျယ်အဝန်းရှိ ဦးသာဝင်း အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀ × ၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကံစိန်(ဘ)ဦးအေးလွင်(၅/ငဇန(နိုင်)၀၄၈၀၃၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ တောတွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၆၄-က/စန္ဒပူရီအနောက်)၊ ဦးပိုင်နံပါတ်(၁၃/၁)ဟု ခေါ်တွင်သော မြေဧရိယာ(၆ ဒသမ ၇၆)ဧက အကျယ်အဝန်းရှိ ဒေါ်လှလေး အမည်ပေါက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိထားသည့် မြေကွက်ထဲမှ မြေဧရိယာ (၀ ဒသမ ၅၄)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိ ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နန်းခမ်းလီ(ဘ)ဦးထွန်းအောင်(၁၃/ကမန(နိုင်)၀၉၆၆၈၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## မခက်ခက်ခိုင်၊ မမီမီမိုးနှင့် အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်(၆၈၂)နေ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ကြည်စိန်(ဘ)ဦးချို(၉/ခအဇ(နိုင်)၀၇၂၁၈၂)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်ကြည်စိန်၏ သမီးများဖြစ်သော မခက်ခက်ခိုင်(ဘ)ဦးသံချိတ်(၉/ခအဇ(နိုင်)၀၇၂၃၉၉)နှင့် မမီမီမိုး(ဘ)ဦးသံချိတ်(၉/ခအဇ(နိုင်)၀၇၂၄၀၁)ကိုင်ဆောင်သူတို့သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုအား နာခံခြင်းမရှိဘဲ မိခင်ဖြစ်သူကိုယ်စိတ်ဆင်းရဲစေသော၊ ဂုဏ်သိက္ခာကျဆင်းစေသော ကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သမီးများအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းတို့နှင့်ပတ်သက်သော လူမှုရေး၊ ငွေရေးကြေးရေးနှင့် စီးပွားရေးဆိုင်ရာ အရှုပ်အရှင်းကိစ္စရပ်များသည် ကျွန်ုပ်မိတ်ဆွေ ဒေါ်ကြည်စိန်နှင့် လုံးဝပတ်သက်မှုမရှိပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ ထို့ပြင် မည်သူမဆို Sodia Media များပေါ်၌လည်းကောင်း၊ Facebook စာမျက်နှာများပေါ်၌လည်းကောင်း ကျွန်ုပ်မိတ်ဆွေ ဒေါ်ကြည်စိန်၏ ဂုဏ်သိက္ခာကျဆင်းစေသော ပြောဆိုရေးသားမှုများ ပြုလုပ်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

**ဒေါ်ကြည်စိန်၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဇော်မင်းလွင် (LL.B, LL.M) ဒေါ်ထူးထူးတင်စာမျိုး (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေများ**
**တိုက်ခန်းအမှတ်(၂)၊ လမ်း၆၀နှင့် ၁၀လမ်းထောင့်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉-၂၀၂၈၀၃၇၊ ၀၉-၄၀၂၆၉၁၈၁၅**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၃၆)၊ ဦးပိုင်အမှတ်(၄၇)၊ ဧရိယာ ဧက(၀ ဒသမ ၀၅၅၁) အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးသန့်ဇင်ထွန်း(၅/ကသန(နိုင်)၀၈၆၃၂၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြုသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

| ဦးလှမိုး (ဥပဒေဘွဲ့) | ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့) |
|---|---|
| (တရားလွှတ်တော်ရှေ့နေ) | (တရားလွှတ်တော်ရှေ့နေ) |

**အမှတ်(ဒ-၁၁ /၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**09-2070007 , 09-792070007 , 09-43250000**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂၄)၊ ဦးပိုင်အမှတ်(၃၂)၊ ၁၀၉(B)လမ်း၊ ၅၄လမ်းနှင့် ၅၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဒေါ်သီသီအေးထံမှ အပေးစာချုပ်အမှတ်(၂၆၆၃/၂၀၀၂)ဖြင့် ပေးကမ်းခြင်းကိုလက်ခံခဲ့သော ဒေါ်မိုးမိုးအေး(၈/မကန(နိုင်)၀၆၉၈၉၄)၊ ဒေါ်အေမီမီစိုးမင်း(၈/ပခက(နိုင်)၁၄၂၀၀၈)တို့က အမှုတွဲအမှတ်(၁၁၇၁/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၂၀)၊ ဦးပိုင်အမှတ်(၁၀-က+၁၁-ခ)၊ ၆၃လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြားရှိ ဦးခင်မောင်တင်၊ ဒေါ်ခင်စန်းဝင်း တို့(၂)ဦးအမည်ပေါက် ဂရန်မြေကွက်အား ခင်ပွန်းဖြစ်သူ ဦးခင်မောင်တင်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၅၉၀/ ၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ခင်စန်းဝင်း(၅/ငဇန(နိုင်)၀၀၉၇၂၅)က အမှုတွဲအမှတ်(၁၁၄၇/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်းလျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၀)၊ ဦးပိုင်အမှတ်(၃၈)၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ ၆၂လမ်းနှင့် ၆၃လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်ရွှေ(၉/မရတ(နိုင်)၀၁၈၁၂၃)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၁၁၈၀/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၉၄)၊ ဦးပိုင်အမှတ်(၆-ခ)၊ ၈၁လမ်း၊ ၂၈လမ်းနှင့် ၂၉လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သော ဦးစိုးမြင့်၊ ဒေါ်ရီရီမြင့် တို့(၂)ဦးအနက် ဦးစိုးမြင့်ထံမှ စွန့်လွှတ်စာချုပ်အမှတ်(၄၁၆/၂၀၂၅)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံခဲ့သူ ဒေါ်ရီရီမြင့်(၉/မရမ(နိုင်)၀၄၂၃၇၂)က အမှုတွဲအမှတ်(၀၁၆၀/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၄၀)၊ ဦးပိုင်အမှတ်(၃-ဓ)၊ ၂၆လမ်း၊ ၈၈လမ်းနှင့် ၈၉လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သော ဦးကျော်သန်းငွေ၊ ဒေါ်ဝေဝေနှင်း(ခ)ခင်ဆွေသင်း တို့ (၂)ဦးအနက် ဦးကျော်သန်းငွေထံမှ စွန့်လွှတ်စာချုပ်အမှတ်(၁၀၃၂/၂၀၂၅)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံခဲ့သူ ဒေါ်ဝေဝေနှင်း(ခ)ခင်ဆွေသင်း(၉/မရမ(နိုင်)၀၀၁၄၃၇)က အမှုတွဲအမှတ်(၀၁၆၁/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၈)၊ ဦးပိုင်အမှတ်(၃၈)ခဲစင်း၊ ၆၀(E)လမ်း၊ ၁၂၄လမ်းနှင့် ၁၂၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဝင့်ဝါဝါလင်း(၉/ပသက(နိုင်)၀၉၈၂၇၀)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၂၈)၊ ဦးပိုင်အမှတ်(၃၄)၊ ၄၁လမ်းနှင့် ၄၂လမ်းကြား၊ ၅၇လမ်းနှင့် ၅၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ယုမွန်ဆွေ(၉/ခအဇ(နိုင်)၀၁၇၇၂၀)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၉၁၀/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်လင်းတီ(၁၃/နခန(နိုင်)၀၇၃၇၀၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၁၄)၊ ဦးပိုင်အမှတ်(၁၃-ဓ)၊ ၄၁လမ်း၊ သင်္ဂဇာချောင်းပတ်လမ်းနှင့် အောင်မင်္ဂလာလမ်းကြားရှိ ဒေါ်ခင်ထွေး၊ ဦးဝင်းဇော်အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးလှအောင်၊ မိခင် ဒေါ်ခင်ထွေး၊ သား ဦးအောင်ဝင်းနှင့် ဇနီး ဒေါ်လှဲ့လှဲ့ဝေ၊ သား ဦးကျော်စိုးလွင်တို့ကွယ်လွန်၍ ကျန်ရစ်သူများဖြစ်ကြသော ဦးဝင်းဇော်(၉/မနတ(နိုင်)၀၉၁၀၂၃)၊ ဦးမျိုးဝင်း(၉/မနတ(နိုင်)၀၉၂၉၅၉)၊ ဦးမြင့်ဆွေ(၉/မနတ(နိုင်)၀၉၂၉၆၀)၊ ဦးသက်နိုင်(၉/မဟမ(နိုင်)၀၂၃၃၃၄)၊ ဒေါ်နိုင်ခင်ဦး(၉/မဟမ(နိုင်)၀၁၄၄၁၆)၊ ဒေါ်မိုးမိုးဝေ(၉/မဟမ(နိုင်)၀၂၇၅၅၀)၊ ဦးရန်နိုင်ထွန်း(၉/မဟမ(နိုင်)၀၂၇၅၅၁)၊ ဒေါ်မင်းမင်းသန်း(၉/မနတ(နိုင်)၀၀၆၅၁၆)တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ငင-၇)၊ ဦးပိုင်အမှတ်(၁၁၀)၊ ၅၃(စီ)လမ်း၊ ၁၀၄(အေ)လမ်းနှင့် ၁၀၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမျိုးမြင့်(၉/မနတ(နိုင်)၀၇၀၉၉၆)၊ ဒေါ်ခင်စန်းတင့်(၉/မနတ(နိုင်)၀၃၆၁၃၁)၊ ဒေါ်တင်နီလာဝင်း(၉/ခမစ(နိုင်)၀၀၈၀၁၆)တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၇၃၅/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ယင်ကျောက်(ခ)လှလှဝင်း(၉/မနတ(နိုင်)၀၉၈၁၀၂)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ်(၆၆၀)၊ ဦးပိုင်အမှတ်(၅၄)၊ ၃၉လမ်းနှင့် လမ်း၄၀ကြား၊ ၇၈လမ်းနှင့် ၇၉လမ်းကြားရှိ မရင်ရင်အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၂၅/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဦးမြတ်သိန်းထွန်း၊ ဒေါ်မြယဉ်မွန်၊ ဦးအောင်မြမိုး တို့(၃)ဦးအနက် ဦးမြတ်သိန်းထွန်းထံမှ စွန့်လွှတ်စာချုပ်အမှတ်(၇၁၀/၂၀၂၅)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံခဲ့သော ဒေါ်မြယဉ်မွန်(၉/မရတ(နိုင်)၁၁၀၆၂၉)၊ ဦးအောင်မြမိုး(၉/မဟမ(နိုင်)၀၁၆၃၅၆)တို့က အမှုတွဲအမှတ်(၀၁၆၃/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၉)၊ ဦးပိုင်အမှတ်(၄၁)၊ ၅၄လမ်းနှင့် ၅၅လမ်းကြား၊ ၃၉လမ်းနှင့် လမ်း၄၀ကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးမောင်ထွန်း ကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်ခင်ခင်လှိုင်(၁၃/လရန(နိုင်)၀၇၈၉၄၆)က ဂရန်စာချုပ်၊ ဆက်စပ်စာရွက်စာတမ်းမှုရင်းများမှာ အထားအသိမှားယွင်း၍ ပျောက်ဆုံးသွားကြောင်း သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၅၁၀-က)၊ ဦးပိုင်အမှတ်(၁၂)ခဲစင်းအရှေ့ခြမ်း၊ ၈၄လမ်း၊ ၄၁လမ်းနှင့် ၄၂လမ်းကြားရှိ ဦးကျော်ငြိမ်း၊ ဒေါ်တင်ပုအမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၄၄၉/၂၀၁၇)ဖြင့် ဒေါ်စိန်ရီ ပါ-၉ ဦးက အမွေဆက်ခံခဲ့ပြီး ဒေါ်ခင်မြဝင်း ပါ ၈ ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ်(၁၄၅၁/၂၀၁၇)ဖြင့် ဒေါ်စိန်ရီက ပိုင်ဆိုင်ခဲ့ပြီး ဖခင် ဦးကျော်ငြိမ်း၊ မိခင် ဒေါ်စိန်ရီတို့ကွယ်လွန်၍ ကျန်ရစ်သော တစ်ဦးတည်းသော သမီး ဒေါ်သင်းသင်းရီ(၉/မရတ(နိုင်)၀၁၅၇၆၉)က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ ခဲစင်းပြအမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၃၁)၊ ဦးပိုင်အမှတ်(၈၈ က+၈၉)၊ ၄၂လမ်း၊ ၈၃လမ်းနှင့် ၈၄ လမ်းကြားရှိ ဦးအောင်သန်း၊ ဒေါ်နုနုအမည်ပေါက် ဘိုးဘမြေကွက်အား ခင်ပွန်း ဦးအောင်သန်းကွယ်လွန်၍ ကျန်ရစ်သော ပူးတွဲအမည်ပေါက်သူ ဇနီး ဒေါ်နုနု(၉/ခမစ(နိုင်)၀၀၇၁၅၆)က အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၉၇)၊ ဦးပိုင်အမှတ်(၁၇-ဠ)၊ ၃၆လမ်းနှင့် ၃၇လမ်းကြား၊ ၇၃လမ်းနှင့် ငွေတချောင်းမြောင်းကြားရှိ ဦးမြင့်သိန်းအမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးမြင့်သိန်း၊ မိခင် ဒေါ်အုန်းငွေတို့ကွယ်လွန်၍ ကျန်ရစ်သူ သား၊ သမီးများဖြစ်ကြသော ဒေါ်ခင်သန်းနွယ်(၉/မရတ(နိုင်)၁၀၂၄၂၅)၊ ဒေါ်ခင်ချိုတူး(၉/မရတ(နိုင်)၀၇၅၇၅၁)၊ ဦးရွှေဘုန်းအောင်(၁၂/ဗတထ(နိုင်)၀၀၇၉၂၉)တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပန်းမြေကိုယ်ပိုင်ကျောင်း(Grade-9)တွင် ပညာသင်ကြားနေသော မပွင့်ပွင့်ဦး(၁၃/နခန (နိုင်) ၁၂၂၁၈၅)ကိုင်ဆောင်သူ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးရန်မိုဖြစ်ပါသည်။

**ဦးရန်မို**
**(၁၃/နခန(နိုင်)၀၉၄၈၄၄)**

## အများသိရှိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၅)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဦးကိုလေးအမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ ယခုအခါ ရောင်းချသူ ဒေါ်ငွေငွေဝင်း(ဘ)ဦးကံစိန်(၉/မရမ(နိုင်)၀၃၆၃၁၃)ကိုင်ဆောင်သူမှ အရပ်ကတိစာချုပ်အဆင့်ဆင့်၊ နိုတြီကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် လက်ရှိလက်ရောက် တရားဝင်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြု၍ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်းဆိုင်ပွဲ(ခ)ဒေါ်နိုင်စာထွန်း (LL.B)**
**ဒေါ်ချယ်ရီမိုမိုသိန်း(LL.B) ဒေါ်အေးနိုင်ညွှန့် (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**အကွက်(၀-၁၀/၆၃)၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၄၃၀၁၁၉၁၆၊ ၀၉-၇၇၆၅၁၁၆၆၀၊**
**၀၉-၂၅၀၀၁၀၅၆၊ ၀၉-၄၄၄၀၁၇၆၈၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ်(၉၀၂)၊ ဦးပိုင်အမှတ်(၁၃၇-င)၊ ဧရိယာ(၁၆×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်အား ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားသူဖြစ်သော ၁။ ဒေါ်တင်တင်မာ(ဘ)ဦးကံသာ(၉/မရတ(နိုင်)၀၂၆၈၇၆)၊ ၂။ ဒေါ်ဟန်စုယဉ်(ဘ)ဦးတင်ထွန်းမြင့်(၉/ခမစ(နိုင်)၀၄၇၈၁၁)ကိုင်ဆောင်သူတို့ထံမှ ကျွန်မ ဒေါ်ဝင်းမာမှ အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဝင်းမာ**
**(၉/မရတ(နိုင်)၀၀၁၁၃၀)**
**အကွက်(၆၅၅)၊ ဟေ/တောင်ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၁၅၀၀၈၀**

## အမည်ပြောင်း

အဘ ဦးမြတ်သွင်၏ သမီး မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက်(၃၆၃)ရပ်နေ မစန္ဒာအောင်အား "မစုကြည်ပြာအေး"ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မစုကြည်ပြာအေး**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဒ-၃)၊ ဦးပိုင်အမှတ်(၈၃-က)၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ ၃၇လမ်းနှင့် ၃၈လမ်းကြားရှိ ခွဲကျန်ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးစိုးသိန်းကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်ခင်စမ်း(ခ)ဒေါ်ခင်စန်း(၉/မရမ(နိုင်)၀၀၆၂၂၃)က ဦးပိုင်ခွဲမိန့်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

# "STYLIST BEAUTY MALL" လုပ်ငန်းအမှတ်တံဆိပ်နှင့် ပတ်သက်၍ ဒေါ်စုစုနိုင် (ဘ) ဦးမြင့်နိုင် (၁/မစန(နိုင်)၀၂၉၇၄၀) နှင့် အများသိစေရန် သတိပေးတားမြစ်ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ ၈၁လမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းကြားနေ ဒေါ်ထက်ထက်(ဘ)ဦးရင်အင်ချင်း(ခ)ဦးကျော်ဝင်း (၉/အမဇ(နိုင်)၀၂၃၃၈၆) ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးတားမြစ်ကြေညာပါသည်။

ကျွန်ုပ်၏မိတ်ဆွေနှင့် ဒေါ်စုစုနိုင်တို့သည် "STYLIST BEAUTY MALL" လုပ်ငန်းအမှတ်တံဆိပ်ကို Hair Salon & Beauty Mall လုပ်ငန်းများ လုပ်ကိုင်ရန်နှင့် အခြားသူများ အသုံးမပြုနိုင်ကြစေခြင်းအလို့ငှာ မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်(၁၄၆၀/၂၀၂၄)အရ (၁၂-၄-၂၀၂၄)ရက်က ကျွန်ုပ်မိတ်ဆွေ ဒေါ်ထက်ထက်နှင့် ဒေါ်စုစုနိုင်တို့၏ နှစ်ဦးပိုင်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်သွင်းခဲ့ပါသည်။ ထို့နောက် ၂၀၁၉ ခုနှစ် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ မူပိုင်ခွင့်ဦးစီးဌာနသို့ NICE CLASSIFICATION နံပါတ်(၄၄)တွင် အကျုံးဝင်သော Beauty Salon Services; Hairdressing and Beauty Salon Services; Provision of Information Relating to Hairdressing and Beauty Salon Services; Services of a Hair and Beauty Salon လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် (၁၅-၅-၂၀၂၅)ရက်စွဲဖြင့် TM-1 လျှောက်ထားလွှာတင်သွင်းခဲ့ရာ (၂၈-၅-၂၀၂၅)ရက်စွဲဖြင့် Filing Date ရရှိခဲ့ပါသည်။

ကျွန်ုပ်မိတ်ဆွေနှင့် ဒေါ်စုစုနိုင်တို့အကြား ၂၀၁၈ ခုနှစ်ကတည်းက "STYLIST BEAUTY MALL" လုပ်ငန်းကို အတူလုပ်ကိုင်ခဲ့ကြပြီး (၇-၄-၂၀၂၄)ရက်စွဲပါ ကတိစာချုပ်ဖြင့် ဆက်လက်အလုပ်လုပ်ကိုင်လျက်ရှိကြရာ နှစ်ဖက်သဘောထားခြင်း မတိုက်ဆိုင်သဖြင့် စာရင်းရှင်းလင်းခွဲဝေကြရန်နှင့် အပြီးသတ်စာရင်းရှင်းလင်းခြင်း မပြုလုပ်ရမီ ကြားကာလတွင် "STYLIST BEAUTY MALL" လုပ်ငန်းကို ဖွင့်လှစ်ခြင်းမပြုရန်၊ နှစ်ဦးပိုင်အမှတ်တံဆိပ်ဖြစ်သော "STYLIST BEAUTY MALL" လုပ်ငန်းအမှတ်တံဆိပ်နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မပါရှိဘဲလျက် ၎င်း၏ရရန်ပိုင်ခွင့်ကို ထိပါး၍ ဆက်လက်သုံးစွဲခြင်းမပြုရန် အတိအလင်း တားမြစ်ခဲ့ပြီးဖြစ်သည်။

(၁) (၂၅-၅-၂၀၂၅)ရက်စွဲပါ ဒေါ်စုစုနိုင်၏ ရှေ့နေမှပေးပို့သော အကြောင်းကြားစာ

(၂) (၂၆-၆-၂၀၂၅)ရက်စွဲပါ ဒေါ်စုစုနိုင်၏ ရှေ့နေမှပေးပို့သော အကြောင်းကြားစာ

(၃) (၆-၇-၂၀၂၅)ရက်စွဲပါ ဒေါ်ထက်ထက်၏ ရှေ့နေမှပေးပို့သော အကြောင်းပြန်ကြားစာ

(၄) (၈-၇-၂၀၂၅)ရက်စွဲပါ ဒေါ်စုစုနိုင်၏ ရှေ့နေမှပေးပို့သော အကြောင်းပြန်ကြားစာ

(၅) (၉-၇-၂၀၂၅)ရက်စွဲပါ ဒေါ်ထက်ထက်၏ ရှေ့နေမှပေးပို့သော အကြောင်းပြန်ကြားစာ

(၆) (၁၁-၇-၂၀၂၅)ရက်စွဲပါ ဒေါ်ထက်ထက်မှ တိုက်ရိုက်ပေးပို့သော အကြောင်းကြားစာတို့တွင် "STYLIST BEAUTY MALL" လုပ်ငန်းအမှတ်တံဆိပ် အသုံးပြုခြင်းနှင့် ပတ်သက်၍ အတိအလင်း တားမြစ်ခဲ့ပြီးဖြစ်သည်။

သို့ရာတွင် ဒေါ်စုစုနိုင်အနေဖြင့် ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာ ပါရှိခြင်းမရှိဘဲ ကျွန်ုပ်မိတ်ဆွေအား အမှတ်တံဆိပ်နှင့်ပတ်သက်သည့် တန်ဖိုးနှင့် Good Will အပေါ် တွက်ချက်ထားသည့် နှစ်ဖက်သဘောတူစာချုပ်ပါ အမှတ်တံဆိပ်တန်ဖိုးအတိုင်း ပြန်လည်အမ်းပေးခြင်းမပြုဘဲ တားမြစ်ချက်အားဆန့်ကျင်၍ ဆက်လက်အသုံးပြုနေခဲ့သည်ကို မှတ်တမ်းများနှင့်တကွ ထားရှိပြီးဖြစ်ပြီး ပြည်သူအများ မြင်တွေ့သိရှိကြပြီးဖြစ်သည်။ ယခုအခါ ဒေါ်စုစုနိုင်အနေဖြင့် ကျွန်ုပ်မိတ်ဆွေ၏ ပိုင်ရေးပိုင်ခွင့်အား ချိုးဖောက်၍ ဆက်လက်အသုံးပြုနေသဖြင့် ကျွန်ုပ်မိတ်ဆွေအနေဖြင့် ကျေနပ်လက်ခံမှုမရှိကြောင်း၊ အမှတ်တံဆိပ်နှင့်ပတ်သက်၍ ပြန်လည်အမ်းပေးရန် ဆန္ဒမရှိပါက ကျွန်ုပ်မိတ်ဆွေမှ ပြန်လည်အမ်းယူမည်ဖြစ်ကြောင်း၊ ထိုသို့ပြီးစီးသည်အထိ စာရင်းရှင်းလင်းရခြင်းမရှိသေးမီ "STYLIST BEAUTY MALL" လုပ်ငန်းအမှတ်တံဆိပ်ကို ဆက်လက်အသုံးမပြုရန် အတိအလင်း (ထပ်မံ)တားမြစ်လိုက်သည်။ ထို့ပြင် ကျွန်ုပ်မိတ်ဆွေနှင့် အပြီးသတ်စာရင်းရှင်းလင်းခြင်းမပြုရသေးမီ ကြားကာလတွင် ၎င်း၏ဆန္ဒမပါရှိဘဲ စည်ပင်လုပ်ငန်းလိုင်စင်တွင် ဒေါ်ထက်ထက်၏အမည်အား တစ်ဦးတည်းသဘောဖြင့် ထုတ်ပယ်ခြင်းကို လက်ခံခွင့်ပြုထားခြင်းမရှိကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ၏ဆန္ဒမပါရှိဘဲ အဆိုပါလုပ်ငန်းစဉ်ကိုလည်း ကျွန်ုပ်မိတ်ဆွေ၏ သဘောတူညီမှု ပါရှိသယောင်တင်ပြ၍ ဒေါ်စုစုနိုင်က မိမိတစ်ဦးတည်းသဘောဖြင့် သက်ဆိုင်ရာရုံးဌာနများတွင် ဆောင်ရွက်လျက်ရှိသည်မှာ ပြီးစီးတော့မည့်အခြေအနေသို့ပင် ရောက်ရှိနေပြီဖြစ်ကြောင်း သိရှိရသဖြင့် အဆိုပါလုပ်ရပ်များအပေါ်တွင်လည်း ကျွန်ုပ်မိတ်ဆွေမှ ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန် ရှိပါသည်။

လူကြီးမင်းအနေဖြင့် အမှတ်တံဆိပ်မူပိုင်ခွင့် TM-1 နှင့် လုပ်ငန်းလိုင်စင်ကတ်များအား နှစ်ဦးအမည်ပေါက်ဖြင့် သက်တမ်းတိုးရန် စီမံပိုင်ခွင့်နှင့်တကွ လက်ဝယ်ထားကိုင်ဆောင်ခွင့်များ ပေးအပ်ထားသော်လည်း အဆိုပါစီမံပိုင်ခွင့်များအား အသုံးပြု၍ ကျွန်ုပ်မိတ်ဆွေ၏ အမှတ်တံဆိပ်မူပိုင် ပိုင်ဆိုင်ခွင့်အခွင့်အရေး၊ လုပ်ငန်းလိုင်စင်အမည်ပေါက် ပိုင်ဆိုင်ခွင့်တို့အား ပျက်ပြားစေရန် မိမိတစ်ဦးတည်း ကိုယ်ကျိုးအတွက် တစ်ဦးတည်းပိုင်အဖြစ် ကျွန်ုပ်မိတ်ဆွေ၏ပိုင်ရေးပိုင်ခွင့်များအား ထိပါးရန်အကြောင်းမရှိကြောင်း အတိအလင်း သတိပေးကြေညာလိုက်သည်။

သို့ဖြစ်ရာ ကျွန်ုပ်မိတ်ဆွေ၏ အမှတ်တံဆိပ်မူပိုင်ခွင့်နှင့်ပတ်သက်၍လည်းကောင်း၊ ပိုင်ရေးဆိုင်ခွင့်အပါအဝင် လုပ်ငန်းလိုင်စင်ကတ်များပေါ်ရှိ အမည်ပေါက်ပိုင်ဆိုင်ခွင့်များနှင့် ပတ်သက်၍ လည်းကောင်း၊ အမှတ်တံဆိပ်နှင့်တကွ လုပ်ငန်းပုံရိပ်များကို အများပြည်သူ အထင်အမြင်လွဲမှားစေနိုင်သော ကိစ္စရပ်များကျူးလွန်ခြင်း၊ အသုံးမပြုရန် တားမြစ်ချက်များအား ဖောက်ဖျက်ခြင်း၊ လုပ်ငန်းအတူလုပ်ကိုင်စဉ်က အသုံးပြုခဲ့ကြသော မည်သည့် Social Media Page၊ မည်သည့်ဖုန်းနံပါတ်၊ မည်သည့်ဓာတ်ပုံ၊ မည်သည့်စာသား၊ မည်သည့်နည်းပညာ၊ မည်သည့်အညွှန်းကိန်းကိုမျှ သုံးစွဲခွင့်မရှိကြောင်းနှင့် ဥပဒေနှင့်မညီညွတ်သော ဆောင်ရွက်မှုများအတွက် လူကြီးမင်းတွင်ပင် တာဝန်ရှိစေမည်ဖြစ်ပြီး ထိုသို့သော လုပ်ရပ်များအတွက် ကျွန်ုပ်မိတ်ဆွေ၏ အခွင့်အရေးအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ တရားရုံးတော်များတွင် ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့ဖြင့် တရားတထုံးစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ဆောင်ရွက်ခဲ့ရပါက ကုန်ကျစရိတ်အဝဝနှင့် ကျွန်ုပ်မိတ်ဆွေ၏ နစ်နာမှုအားလုံးအတွက် အထွေထွေနစ်နာကြေး၊ အထူးလျော်ကြေးတို့အပါအဝင် တရားမနစ်နာမှုအတွက် ရထိုက်သော အခွင့်အရေးတို့ကိုပါ လူကြီးမင်းအပေါ်၌ တာဝန်ထားရှိမည်ဖြစ်ကြောင်း ဒေါ်စုစုနိုင်နှင့် အများသိစေရန် စေတနာကောင်းဖြင့် တစ်ပေါင်းတည်း သတိပေးအကြောင်းကြားလိုက်သည်။

**ဦးပြည့်ဖြိုးမောင်မောင်(မဟာဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၁၈၄၉/၁၇-၁-၂၀၁၇)**
**အခန်း(၃/၃-အေ)၊ သီရိမင်္ဂလာကွန်ဒို၊ ၂၇လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၂၀၃၅၃၀၁**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးလာမှုနှင့်အတူ မွေးမြူရေးလုပ်ငန်းများသည်လည်း တိုးတက်လာမည်ဖြစ်ကာ ဒေသ၏လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်…

❖ ထို့ကြောင့် ဒေသရှိအုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေး အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ရန်လို…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ပြုလုပ်သော မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## စင်ကာပူတာတိုဖလား ကနူး၊ ကယက်လှေလှော်ပြိုင်ပွဲ၌ ရွှေ ၁၀ ခု၊ ငွေတစ်ခု၊ ကြေးလေးခု ဆွတ်ခူးရရှိခဲ့သည့် အောင်ပွဲရ မြန်မာလှေလှော်အဖွဲ့အား သောင်းသောင်းဖြဖြကြိုဆို

**ရန်ကုန် ဇူလိုင် ၁၅**

စင်ကာပူနိုင်ငံ၌ ဇူလိုင် ၁၂ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သော စင်ကာပူတာတိုဖလား ကနူး၊ ကယက်လှေလှော်ပြိုင်ပွဲ (2025 Singapore Sprint Cup) တွင် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ ကနူး၊ ကယက်လှေလှော် အားကစားအဖွဲ့သည် ရွှေတံဆိပ် ၁၀ ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်လေးခု စုစုပေါင်း ဆုတံဆိပ် ၁၅ ခုကို ထိုက်ထိုက်တန်တန် ဆုတံဆိပ်များ ရယူနိုင်ခဲ့သည်။

စင်ကာပူတာတိုဖလား ကနူး၊ ကယက်လှေလှော်ပြိုင်ပွဲတွင် စင်ကာပူ၊ ဩစတြေးလျ၊ ဟန်ဂေရီ၊ မြန်မာ၊ မလေးရှား၊ တရုတ်(တိုင်ပေ)ပြိုင်ပွဲဝင် နိုင်ငံပေါင်း ခြောက်နိုင်ငံမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်း ယှဉ်ပြိုင်ခဲ့ရာ ပြိုင်ပွဲပထမနေ့တွင် အမျိုးသားကနူးတစ်ယောက်လှော် မီတာ ၁၀၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ U-18 အမျိုးသားတစ်ယောက် လှော် မီတာ ၁၀၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ U-18 အမျိုးသား ကနူးတစ်ယောက် လှော် မီတာ ၅၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ U-18 အမျိုးသားကယက် တစ်ယောက်လှော် မီတာ ၅၀၀ ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုနှင့် ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ ပြိုင်ပွဲဒုတိယနေ့တွင် အမျိုးသား ကနူးနှစ်ယောက်လှော် မီတာ ၂၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ အမျိုးသား ကနူးလေးယောက်လှော် မီတာ ၂၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ အမျိုးသား ကနူးတစ်ယောက်လှော်မီတာ ၂၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ U-18 အမျိုးသား ကနူးတစ်ယောက်လှော်မီတာ ၂၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ အမျိုးသား ကနူးတစ်ယောက်လှော်မီတာ ၅၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ အမျိုးသား ကနူးနှစ်ယောက်လှော် မီတာ ၅၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ အမျိုးသား ကနူးလေးယောက်လှော်မီတာ ၅၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ အမျိုးသားကယက်လေးယောက်လှော် မီတာ ၅၀၀ ပြိုင်ပွဲများတွင် ကြေးတံဆိပ်ဆုများကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့ကြပြီး နိုင်ငံအလိုက် ပထမ ရရှိခဲ့သည်။



အောင်ပွဲရအားကစားအဖွဲ့မှ အဖွဲ့ခေါင်းဆောင်၊ အသင်းအုပ်ချုပ်သူ၊ နည်းပြအပါအဝင် အားကစားသမားစုစုပေါင်း ၁၁ ဦးတို့သည် ယမန်နေ့ ည ၁၀ နာရီခွဲက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် နှင့် တာဝန်ရှိသူများ၊ အားကစား အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ နှင့် အားကစားသမားများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား၊ သင်တန်းသူများနှင့် မိဘပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

ဝ-ဝ-ဝ-ဝ

## ၂၀၂၅ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲအုပ်စု(ဂ)တွင် မြန်မာအသင်းနှင့် တီမောအသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားမည်



**ရန်ကုန် ဇူလိုင် ၁၅**

၂၀၂၅ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(ဂ)တွင် မြန်မာအသင်းနှင့် တီမောအသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းနည်းပြချုပ် ကူရိုဆာကီက "ပြိုင်ပွဲအတွက် အစစအရာရာ လိုအပ်မှုမရှိအောင် စီစဉ်ထားပေးတဲ့ အင်ဒိုနီးရှား ဘောလုံးအဖွဲ့ချုပ်နဲ့ အာဆီယံဘောလုံးအဖွဲ့ချုပ်ကို ကျေးဇူးတင်ပါတယ်ဆိုတာ ပထမဆုံး ပြောကြားလိုပါတယ်။ ကျွန်တော်တို့ အသင်းက ပြီးခဲ့တဲ့ မတ်လမှာ စတင်စုဖွဲ့ လေ့ကျင့်ခဲ့တာဖြစ်ပြီး ယနေ့ စတင်ကစားရမယ့် အာဆီယံ ယူ-၂၃ ပြိုင်ပွဲမှာ ခြေစွမ်းပြ ကစားနိုင်အောင်၊ ရလဒ်ကောင်းမွန်အောင် ပြင်ဆင်ထားပါတယ်။ လက်ရှိအသင်းနဲ့ပဲ အာရှ ယူ-၂၃ ခြေစစ်ပွဲနဲ့ ဆီးဂိမ်းစ်အမျိုးသား ဘောလုံးပွဲစဉ်တွေကို ဆက်လက်ယှဉ်ပြိုင်ရမှာပါ။ ဒါကြောင့် အသင်းကပိုပြီး စုစုစည်းစည်းနဲ့ ညီညွတ်မှုရှိနေပါတယ်။ ပြိုင်ဘက်တိုင်းကို လေးစားမှုနဲ့ ယှဉ်ပြိုင်သွားမှာပါ။ ဒီပြိုင်ပွဲကိုလာတဲ့ အသင်းတိုင်းက ရလဒ်ကောင်းရဖို့၊ ဒီထက်ပိုပြီး ချန်ပီယံ ဖြစ်ဖို့ဆိုတဲ့ ရည်မှန်းချက်နဲ့ လာကြတာပါ။ ကျွန်တော်တို့မှာလည်း ရည်မှန်းချက် ရှိပြီးသားပါ။ ရည်မှန်းချက်အတိုင်း သေသေချာချာ ကြိုးစားသွားပါမယ်။ ကျွန်တော်တို့အသင်း ခြေစွမ်းပြနိုင်ပြီး ပရိသတ်တွေ ပျော်ရွှင်စေချင်ပါတယ်" ဟု ပြောသည်။

မြန်မာအသင်းသည် ၂၀၂၅ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(ဂ)ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၇ နာရီ ၃၀ မိနစ်တွင် တီမောအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

**(NGB)**

ဝ-ဝ-ဝ-ဝ